၂၀၂၁-ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြို့ပြဆင်ခြေဖုံးများရှိ
မိသားစုဝင်ငွေရှာအမျိုးသမီးများနှင့် အခြေခံမိသားစုများ၏

# လူမှုစီးပွားအကျိုးဆက်များ ဆန်းစစ်ခြင်း

ဒီဇင်ဘာ ၂၀၂၂
ရန်ကုန်

# မာတိကာ


နိဒါန်း ..........၃
ရည်ရွယ်ချက်..........၃
သုတေသနနည်းလမ်း..........၄
အကန့်အသတ်များ..........၄
တွေ့ရှိချက်များ ..........၅
(က) ပါဝင်ဖြေဆိုကြသူများ..........၅
*၁။ အသက်အရွယ်အပိုင်းအခြား..........၅*
*၂။ အိမ်ထောင်ရှိ/မရှိနှင့် အလုပ်အကိုင်များ..........၅*
*၃။ ကလေးရှိ/မရှိ..........၆*
*၄။ မိသားစုဝင်ဦးရေနှင့် အလုပ်လုပ်သူဦးရေ..........၆*
(ခ) ဝင်ငွေ-ထွက်ငွေ..........၈
*၅။ ပျမ်းမျှဝင်ငွေ..........၈*
*၆။ အသုံးစရိတ်..........၉*
*၇။ ဝင်ငွေ-ထွက်ငွေ၊ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ......၁၀*
(ဂ) ပညာရေးနှင့် ကျန်းမာရေး..........၁၂
*၈။ ပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု..........၁၂*
*၉။ ကျန်းမာရေး..........၁၄*
(ဃ) ရင်ဆိုင်ရသည့် ပြဿနာများ..........၁၅
(င) မျှော်လင့်ချက်များ..........၁၉
ခြုံငုံသုံးသပ်ချက်..........၂၀
အကြံပြုချက်များ..........၂၃
နောက်ဆက်တွဲ သုတေသနများအတွက် ယေဘုယျအကြံပြုချက်များ..........၂၃
လက်ငင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ..........၂၃
ရေရှည်အစီအမံများအတွက် အကြံပြုချက်များ..........၂၄
နောက်ဆက်တွဲများ..........၂၅

# နိဒါန်း

၂၀၂၁-ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့အာဏာသိမ်းမှုကြောင့် မြန်မာ့ဒီမိုကရေစီခြေလှမ်းသစ်များကို ပြိုလဲသွားစေခဲ့သည့်အပြင် ပြည်တွင်းစစ်မီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တဖန်လောင်မြိုက်စေခဲ့သည်။ တိုင်းရင်းသားပြည်သူလူထုအသီးသီးသည်လည်း ၂၀၂၁-ခုနှစ် အာဏာသိမ်းမှုအလွန် လူထုတော်လှန်ရေးအတွင်း အာဏာရှင်အဆုံးသတ်ရေး၊ ပြည်ထောင်စုတည်ဆောက်ရေးမျှော်မှန်းချက်များဖြင့် ဆက်လက်ပါဝင်ဆင်နွှဲလျက်ရှိနေသည်။ ဆန်းသစ်သည့် ပုံစံမျိုးစုံဖြင့် ဆန္ဒဖော်ထုတ်မှုများ၊ အာဏာရှင်၏ယန္တရားများ၊ ထောက်တိုင်စီးပွားရေးများကို ဖြိုချရန် ကြိုးပမ်းခြင်းများ၊ အာဏာဖီဆန်လှုပ်ရှားမှုများ၊ နိုင်ငံတကာရပ်ဝန်းနှင့် သံခင်းတမန်ခင်းဖိအားများ ပေးနိုင်ရန်ကြိုးပမ်းမှုများအပြင် လက်နက်ကိုင်တော်လှန်ရေးပုံစံအသီးသီးများကြောင့် မြန်မာစစ်တပ်အနေနှင့် အာဏာသိမ်းပြီး ၂-နှစ်နီးပါးကြာမြင့်သည်အထိ အုပ်ချုပ်ရေး ယန္တရားတစ်ရပ်ကို ပီပြင်စွာမထူထောင်နိုင်သည့်အပြင်၊ နိုင်ငံတကာရပ်ဝန်း၏ တရားဝင်အသိအမှတ်ပြုမှုကိုလည်း ရယူနိုင်ခြင်းမရှိပေ။ သို့သော် လူထုနှင့် တော်လှန်ရေးအင်အားစုများအတွက်လည်း ဒေသအချို့မှလွဲ၍ ပြတ်သားသည့် အနိုင်ယူမှုကို လက်ကိုင်ထားနိုင်ပြီးဖြစ်သည်ဟု မဆိုနိုင်သေးပေ။

တဆက်တည်းတွင် ကိုဗစ်ကာလအလွန် စီးပွားရေးအကြပ်အတည်းများကို ပြန်လည်ကုစားနိုင်ခြင်း မရှိသေးခင်မှာပင် အာဏာသိမ်းမှုနှင့်ဆက်နွှယ်သည့် အကြပ်အတည်းများက လူထုအပေါ် ထပ်ဆောင်း၍ ဖိစီးစေခဲ့သည်။ ဘဏ်စနစ်များအပေါ် ယုံကြည်မှုကျဆင်းလာခြင်းနှင့် ငွေသားရှားပါးမှုဖြစ်ခြင်း၊ အလွန်အမင်းငွေကြေးဖောင်းပွခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အလုပ်အကိုင်များရှားပါးလာခြင်းနှင့် အလုပ်ခွင်အတွင်း ခေါင်းပုံဖြတ်ဖိနှိပ်မှုများပြားလာခြင်းမှစ၍ နေအိမ်များ မီးရှို့ခြင်း၊ ပိုင်ဆိုင်မှုများချိတ်ပိတ်သိမ်းယူခြင်း၊ အစုလိုက်အပြုံလိုက် နှင်ထုတ်ခြင်းများ၊ စားနပ်ရိက္ခာရှားပါးလာမှုများက နေ့စဉ်ဘဝ ပြဿနာများဖြစ်လာသည်။ ခုခံတော်လှန်မှုပြင်းထန်သည့် ဒေသများတွင် နေရပ်စွန့်ခွာ၍ ထွက်ပြေးရသူဦးရေ အလွန်များပြားလာသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခနည်းပါးသည့် ဒေသများရှိ ပြည်သူလူထုများ၏ ရှင်သန်ရပ်တည်ရေးအတွက်လည်း စိန်ခေါ်မှုများစွာရှိလာသည်။ မည်သည့်ဒေသတွင်ဖြစ်စေ၊ ကျေးလက် (သို့မဟုတ်) မြို့ပြတွင်ဖြစ်စေ၊ လူထုတော်လှန်ရေးအတွင်း ရှေ့ဆုံးမှ ပါဝင်အသက်ပေးနေသူများ၊ ထို့အပြင် အခွင့်အလမ်းနည်းပါးသူများမှာ လူငယ်များနှင့် အခြေခံမိသားစုများပင်ဖြစ်သည်။

သို့ဖြစ်ရာ အာဏာသိမ်းမှုနောက်ပိုင်း အခြေခံမိသားစုများ အထူးသဖြင့် ဝင်ငွေရှာအမျိုးသမီးများ၏ လူမှုစီးပွားအကျိုးဆက်များကို သိရှိဖော်ထုတ်နိုင်ရန်နှင့် ၎င်းတို့အတွက် လတ်တလောလိုအပ်ချက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဖော်ထုတ်တွန်းအားပေးနိုင်ရန်အတွက် ဤစစ်တမ်း သုတေသနကို ဆောင်ရွက်ရခြင်းဖြစ်သည်။

# ရည်ရွယ်ချက်

(က) မိသားစုဝင်ငွေရှာအမျိုးသမီးများနှင့် အခြေခံမိသားစုများ၏လူမှုစီးပွားအကျိုးဆက်များကို လေ့လာသိရှိနိုင်ရန်၊

(ခ) မြို့ပြရှိ အမျိုးသမီးအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်မိသားစုများအတွက် လတ်တလောလိုအပ်ချက်များ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဖော်ထုတ်တွန်းအားပေးနိုင်ရန်၊

# သုတေသနနည်းလမ်း

ဤစစ်တမ်းသုတေသနအတွက် အချက်အလက်များကို စစ်တမ်းကောက်ယူသည့်ပုံစံဖြင့်လည်းကောင်း၊ ဖြစ်ရပ်လေ့လာခြင်းပုံစံဖြင့်လည်းကောင်း နည်းလမ်း(၂)မျိုးဖြင့် ကောက်ယူပါသည်။

### ၁။ စစ်တမ်းကောက်ခြင်း (Survey)

ပြင်ဆင်ထားသည့် စစ်တမ်းမေးခွန်းလွှာကို အသုံးပြု၍ လှိုင်သာယာနှင့် တောင်ဒဂုံမြို့နယ်များရှိ မိသားစုဝင်ငွေရှာ အမျိုးသမီးများ၊ အခြေခံမိသားစုများကို မေးမြန်းပါသည် (မေးခွန်းလွှာကို နောက်ဆက်တွဲ-၁ တွင် ကြည့်ရှုနိုင်သည်)။ အဆိုပါမြို့နယ်များသည် ရန်ကုန်တိုင်း၏ ဆင်ခြေဖုံးမြို့နယ်များဖြစ်ပြီး ၂-မြို့နယ်မှ စစ်တမ်းအတွင်း ပါဝင်ဖြေဆိုသူ စုစုပေါင်း ၆၀-ဦး ရှိခဲ့သည်။ စစ်တမ်းတွင်ပါဝင်ဖြေဆိုမည့်သူများကို ရွေးချယ်ရာ၌ လက်လုပ်လက်စားနှင့် အခြေခံမိသားစုများအတွင်း လွယ်ကူရိုးရှင်းနမူနာကောက်ယူခြင်း (Convenience Sampling) နည်းလမ်းအသုံးပြု၍ ရွေးချယ်မေးမြန်းခြင်းဖြစ်ပါသည်။

### ၂။ ဖြစ်ရပ်လေ့လာခြင်း (Case study)

စစ်တမ်းမေးခွန်းလွှာတွင် ယေဘုယျအချက်အလက်များနှင့် ဖော်ပြချက်များကိုသာ အဓိက သိရှိရခြင်းကြောင့် တစ်ဦးချင်း၏ဖြစ်ရပ်များကို လေ့လာသိရှိနိုင်ရန်အတွက် ဖြစ်ရပ်လေ့လာခြင်းဖြင့် ဆက်လက်မေးမြန်းလေ့လာပါသည်။ အသေးစိတ်မေးခွန်းများအသုံးပြု၍ ဖြစ်ရပ်လေ့လာခြင်းတွင် လှိုင်သာယာနှင့် တောင်ဒဂုံမြို့နယ်တို့ရှိ အမျိုးသမီး(၁၀)ဦး ပါဝင်ဖြေဆိုခဲ့သည်။ (အသုံးပြုခဲ့သည့် မေးခွန်းများကို နောက်ဆက်တွဲ-၂ တွင် ဖော်ပြထားပါသည်)။ စစ်တမ်းကောက်ယူရရှိသည့် အချက်အလက်များနှင့် တစ်ဦးချင်းဖြစ်ရပ်များမှ အချက် အလက်များကို စုပေါင်း၍ အစီရင်ခံစာကို ပြင်ဆင်ခြင်းဖြစ်သည်။

# အကန့်အသတ်များ


ဤစစ်တမ်းသုတေသနပြုလုပ်ရန် အရင်းအမြစ် (အချိန်၊ လူအင်အားနှင့် ငွေကြေး) အကန့်အသတ်များကြောင့် ဒဂုံမြို့သစ်တောင်ပိုင်း (တောင်ဒဂုံ)နှင့် လှိုင်သာယာမြို့နယ် နှစ်မြို့နယ်ရှိ အိမ်ထောင်စု ၆၀-ကိုသာ မေးမြန်းနိုင်ခဲ့ပါသည်။ ထို့အပြင် လက်လုပ်လက်စားနှင့် အခြေခံမိသားစုများ ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုစီးပွားဘဝဆိုင်ရာ အခြေအနေများကို ခြုံငုံသိရှိနိုင်ရန် ပြင်ဆင်မေးမြန်းသည့် စစ်တမ်းသုတေသနသာဖြစ်သည့်အတွက် ပို၍အသေးစိတ်သည့်၊ တိကျသည့် အချက်အလက်များကို အကန့်အသတ်များဖြင့်သာ ရရှိပါသည်။

# တွေ့ရှိချက်များ

## (က) ပါဝင်ဖြေဆိုကြသူများ

### ၁။ အသက်အရွယ်အပိုင်းအခြား


စစ်တမ်းသုတေသနတွင် လှိုင်သာယာနှင့် တောင်ဒဂုံမြို့နယ်များရှိ လက်လုပ်လက်စားနှင့် အခြေခံ မိသားစု (၆၀)စုမှ အမျိုးသမီးများ ပါဝင်ဖြေဆိုခဲ့ကြသည်။ တစ်မြို့နယ်လျှင် အမျိုးသမီး (၃၀)ဦး ပါဝင်ဖြေဆိုခဲ့ခြင်း ဖြစ်သည်။ အသက်အငယ်ဆုံး (၂၁)နှစ်မှ အသက်အကြီးဆုံး (၇၃)နှစ်အထိပါဝင်ခဲ့ပြီး ပျမ်းမျှ အသက်မှာ (၄၂)နှစ် ဖြစ်သည်။ အသက်(၃၀)နှစ်အောက် ၁၆-ဦး (၂၇%)၊ ၃၁-နှစ်မှ ၄၀-နှစ်အတွင်း ၁၂-ဦး (၂၀%)၊ ၄၁-နှစ်မှ ၅၀-နှစ်အတွင်း ၁၇-ဦး (၂၈%)၊ ၅၁-နှစ်မှ ၆၀-နှစ်အတွင်း ၁၀-ဦး (၁၇%) နှင့် အသက်(၆၀)အထက် ၅-ဦး (၈%) တို့ဖြစ်ကြသည်။ (ပုံ-၁)




**ပုံ(၁)။ အသက်အရွယ်အလိုက် ပါဝင်ဖြေဆိုသူများ။**

### ၂။ အိမ်ထောင်ရှိ/မရှိနှင့် အလုပ်အကိုင်များ

ပါဝင်ဖြေဆိုသူ အများစုဖြစ်သည့် ၄၅-ဦး (၇၅%)မှာ အိမ်ထောင် ကိုယ်စီရှိကြပြီး၊ ကွာရှင်းပြတ်စဲထားသူ ၄-ဦး (၇%)၊ မုဆိုးမ ၅-ဦး (၈%)နှင့် အိမ်ထောင်မရှိသူ ၆-ဦး (၁၀%) အသီးသီးပါဝင်သည် (ပုံ-၂)။ ပါဝင်ဖြေဆိုသူ ၁၈-ဦး (၃၀%) မှာ စက်ရုံအလုပ်သမားဖြစ်ပြီး၊ ၁၅-ဦး (၂၅%) ကျပန်း (သို့မဟုတ်) ဘောက်လုပ်သူများဖြစ်သည်။ ဈေးရောင်းသူ ၉-ဦး (၁၅%) နှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်နေသည့် ဝန်ထမ်း ၄-ဦး (၇%)လည်း ပါဝင်သည်။ အိမ်မှုကိစ္စ အတွက် ဆောင်ရွက်သူ၊ အဝတ်လျှော်ခြင်းဖြင့်အသက်မွေးသူ၊ ရုံး ဝန်ထမ်း ၃-ဦးစီ (၅%) ပါဝင်ပြီး ကျန်ပါဝင်ဖြေဆိုသူ ၅-ဦးမှာ (၁၀%) လုံခြုံရေး၊ ကားမောင်း၊ ပန်းရံ၊ ဆိုင်အကူ၊ သန့်ရှင်းရေး စသဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြသည်။ (ဇယား-၁)။





**ပုံ(၂)။ ပါဝင်ဖြေဆိုသူများ၏ အိမ်ထောင်ရှိ/မရှိအခြေအနေ။**

**ဇယား(၁)။ ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင်ဖော်ပြချက်များ။**

| အလုပ်အကိုင် | ဦးရေ | % |
|---|---|---|
| စက်ရုံအလုပ်သမား | ၁၈ | ၃၀% |
| ဘောက်/ကျပန်း | ၁၅ | ၂၅% |
| ဈေးရောင်း | ၉ | ၁၅% |
| အာဏာဖီဆန်ရေး လှုပ်ရှားသူ | ၄ | ၇% |
| အိမ်ရှင်မ | ၃ | ၅% |
| ခဝါသည် | ၃ | ၅% |
| ရုံးဝန်ထမ်း | ၃ | ၅% |
| အခြား - *လုံခြုံရေး၊ ဆိုင်အကူ၊ ကားမောင်း၊ ပန်းရံ၊ သန့်ရှင်းရေး* | ၅ | ၁၀% |

## ၃။ ကလေးရှိ/မရှိ

အိမ်ထောင်ရှိအမျိုးသမီးစုစုပေါင်း(၅၄)ဦးတွင် ကလေးရှိသူ ၄၇-ဦး (၈၇%)၊ ကလေးမရှိသူ ၆-ဦး (၁၁%) နှင့် ကိုယ်ဝန်လွယ်ထားသူ ၁-ဦး (၂%) ပါဝင်သည်။ ကလေးရှိသည့်မိသားစုများတွင် အနည်းဆုံးကလေး တစ်ဦးမှ အများဆုံး ကလေး(၆)ဦးအထိ ရှိကြပြီး ပျမ်းမျှအားဖြင့် မိသားစု တစ်စုလျှင် ကလေး(၂)ဦးရှိကြသည်။ မိသားစု ၄၇-စုမှ ကလေးစုစုပေါင်း ၉၇-ဦးတွင် ၂၇-ဦး (၂၈%)မှာ ကျောင်းနေအရွယ်ကလေးများဖြစ်သည်။ (ပုံ-၃)




**ပုံ(၃)။ ပါဝင်ဖြေဆိုသူများ၏ ကလေးရှိ/မရှိဖော်ပြချက်။**

## ၄။ မိသားစုဝင်ဦးရေနှင့် အလုပ်လုပ်သူဦးရေ

ပါဝင်ဖြေဆိုသည့်အိမ်ထောင်စုများတွင် မိသားစုဝင်ဦးရေ အနည်းဆုံး(၁)ဦးမှ အများဆုံး(၈)ဦးထိ ရှိကြပြီး ပျမ်းမျှအားဖြင့် လူ(၃)ဦးမှ (၄)ဦးအထိ နေထိုင်ကြသည်။ တစ်အိမ်ထောင်လျှင် အလုပ်လုပ်သူအနည်းဆုံး (၁)ဦးမှ အများဆုံး(၃)ဦးအထိရှိကြပြီး ပျမ်းမျှအားဖြင့် တစ်အိမ်ထောင်လျှင် တစ်ဦးသာ ဝင်ငွေရှိကြသည်။ အလုပ်လုပ်သူနှင့် မိသားစုဝင်ဦးရေပျမ်းမျှအချိုးမှာ ၃-အချိုး-၈ (၃:၈) ဖြစ်သည်။ ဆိုလိုသည်မှာ မိသားစုဝင် ၈-ဦးတွင် ၃-ဦးက (၃၈%) ဝင်ငွေရအလုပ်လုပ်ကို လုပ်ကိုင်ခြင်းဖြစ်သည်။

**ဇယား(၂)။ ပါဝင်ဖြေဆိုသူများ၏ မိသားစုဝင်ဦးရေနှင့် ဝင်ငွေရအလုပ်လုပ်သူဦးရေ။**

| | မိသားစု ဦးရေ | ဝင်ငွေရအလုပ်လုပ်သူ ဦးရေ | ဝင်ငွေရအလုပ်လုပ်သူနှင့် မိသားစုဝင်အချိုး |
|---|---|---|---|
| **အနည်းဆုံး** | ၁ | ၁ | ၁:၇ |
| **အများဆုံး** | ၈ | ၃ | ၁:၁ |
| **ပျမ်းမျှ** | ၃.၆၇ | ၁.၂၇ | ၃:၈ |

**ဖြစ်ရပ်-၁။ DKSN – ၇၃-နှစ်။**
သမီးလေးက အထည်ချုပ်မှာ။ ၇-တန်းနဲ့ထွက်ပြီး အရွယ်ရောက်တော့ အလုပ်ထဲ တန်းဝင်တာ။ ဝင်ငွေကသူတစ်ယောက်ပဲရှိတယ်။ အခြေခံလစာထက်လျှော့ပေးထားတာ။ တစ်လတစ်သိန်းခွဲနဲ့က စားဝတ်နေရေး မလောက်ငှဘူးပေ့ါ။ အခု ကုန်ဈေးနှုန်းကြီးတော့ပိုဆိုး။ ငွေပိုဝင်တာမရှိပဲ ပိုသုံးရတော့ အကြွေးပတ်တာပေ့ါ။ နေ့သွင်းတို့၊ နေ့ပြန်တိုးတို့ယူရတယ်။ ကျန်းမာရေးမကောင်းလို့ ဆေးဖိုးကလည်းကုန်။ သည်းခြေမှာ ကျောက်တည်တာရယ်၊ အစာအိမ်ရယ်၊ နှလုံးတုန် ရင်တုန်။ သွေးတိုးလည်းရှိတယ်။ ကျိုက္ကဆံစံပြဆေးရုံမှာ (၅)ရက်တက်လိုက်ရတယ်။ မှန်ပြောင်းကြည့်မယ်၊ ကျောက်ထုတ်ရမယ် ၄-၅ သိန်းကုန်မယ်ဆိုလို့ နောက်တစ်ခေါက် မပြတော့ဘူး။ ဒီလိုပဲ လိမ်လိမ်ပိန်ပိန်နဲ့ နေရမှာပဲ။ ဆေးရုံကဆင်းလာတဲ့နေ့က ချေးငှားထားတဲ့(၃)သောင်းကျော်ဖိုးလောက်ကို (၁၀)ရက်စာဆေးဝယ်တယ်။ ဆေးက နဂို(၁)သောင်းကျော် အခုက(၃)သောင်းကျော်။ ရပ်ကွက်ဆေးခန်းကျတော့ ရောဂါကြီးလို့ဆိုပြီး လက်မခံဘူး။


ပြီးခဲ့တဲ့နှစ်တွေကလည်းမလောက်ပါဘူး။ ဆွေမျိုးမရှိတော့ ပတ်ဝန်းကျင်က စောင့်ရှောက်ပါတယ်။ ပေးစာကမ်းစာစားနေရတဲ့သဘောပေ့ါ။ ဒါလေးနဲ့စားသောက်ပြီး ကလေးမလေး လစာထုတ်တော့ လခပေးလိုက်၊ အကြွေးလေးဆပ်လိုက်၊ ဒီလိုပဲ လုံးလည်လိုက်နေတာပေ့ါ။ အကြွေးက ပြတ်သွားတယ်မရှိဘူး။ လကုန် ပြန်ဆပ်လိုက်။ ကြားထဲမှာ ပြန်ယူလိုက်၊ လကုန်ရင်ပြန်ဆပ်လိုက် အဲဒီလိုပုံစံ။ ရေကလည်းဝယ်သုံးရတယ်။ တစ်နေ့ (၇၀၀)ဖိုးကို ချွေတာသုံးနေရတယ်။ မီတာခဆိုလည်း လေးငါးခုနှစ်ထောင်လောက်ကျတယ်။ မီတာဖိုးက တက်သာနေတာ မီးမလာတာများတယ်။ ငှားနေတာက ၂-အိမ်စပ်လေ။ မီတာ ၁-ခုတည်း နှစ်ဦးသုံးတာဆိုတော့ ခွဲဆောင်ပေ့ါ။ ရေဖိုးမီးဖိုးနဲ့တွက်လိုက်ရင် ၇-သောင်းကျော်ကျော်ကျသွားတယ်။ အိမ်ခန်းငှားခတို့ ဆေးဖိုးတို့နဲ့ဆိုရင် ဝင်ငွေက မမျှဘူးပေ့ါ။

**ဖြစ်ရပ်-၂။ AA – ၄၈-နှစ်၊ ကျပန်း။**
လောလောဆယ် ဦးလေးရဲ့အိမ်မှာနေတယ်။ အလုပ်ကတော့ တိုင်းရင်းဆေးဆရာဆီက ကုန်ကြမ်းယူပြီး တိုင်းရင်းဆေးထုပ် သေးသေးလေးတွေထုတ်တဲ့အလုပ်ကိုလုပ်နေတာ။ အမျိုးသားက အရင်က မော်တာပြင်တယ်။ လွန်ခဲ့တဲ့(၂)နှစ်လောက်က လေဖြတ်ပြီးအလုပ်မလုပ်နိုင်တော့ဘူး။ အခုတော့ လက်ကလေးတွေ လုပ်နိုင်ကိုင်နိုင်လာလို့ စိတ်ပြေလက်ပျောက်လည်းဖြစ်၊ လက်အလေ့အကျင့်လည်းရအောင်ဆိုပြီး ဒယ်အိုးလေးတွေ၊ ပေါင်းအိုးလေးတွေ ပြင်ခိုင်းထားတယ်။ ဝင်ငွေတော့မရှိပါဘူး။ သမီးနှစ်ယောက်နဲ့ သားတစ်ယောက်မှာ အရင်က သမီးအကြီးရော၊ အငယ်ရောက စားရေးသောက်ရေးအတွက် အလုပ်လုပ်ပေးကြတယ်။ သမီးအငယ်က မူလတန်းကလေး လေးငါးဆယ်ယောက်လောက်ကို ကျူရှင်သဘောမျိုးနဲ့ စာသင်နေတော့ အခုထိ ဆက်ပြီးလုပ်နေနိုင်တယ်။ သမီးအကြီးရဲ့အလုပ်ကျတော့ အရမ်းဝေးပြီး ဖယ်ရီမရှိ၊ လိုင်းကားမရှိ၊ စက်ဘီးနဲ့သွားဖို့ကလည်း စိတ်မချရတော့ အလုပ်မဆင်းခိုင်းတော့တာ ၆-လလောက်တောင်ရှိပြီ။ အလုပ်ရှင်နဲ့ကလည်း အဆင်မပြေဘူး။ အလုပ်ခေါ်တုန်းကတော့ စာရင်းကိုင်၊ နောက်တော့ မားကက်တင်းလိုက်ခိုင်းတယ်။ သူတို့လိုအပ်တဲ့ရောင်းအားရောက်အောင် အတင်းရောင်းခိုင်းတာမျိုး၊ တစ်နေကုန် အပြင်ထွက်ပြီး ရောင်းရတာမျိုးတွေ။ လစာအတွက်ကျတော့ ရောင်းအားမကောင်းရင် ပိုင်ရှင် တရုတ်က ဂဂျီဂဂျောင်လုပ်တယ်။ အခုတော့ နောက်ထပ်အလုပ်လေးရှာရင်း အင်္ဂလိပ်စာ သင်တန်းလေးဘာလေး တက်ခိုင်းထားတယ်။ အငယ်လေးလစာနဲ့က သိပ်မလောက်ငှတော့ အကြီးမအလုပ်ရရင် ပိုပြီးအဆင်ပြေတာပေ့ါ။ ခုနောက်ပိုင်း အလုပ်ကပိုရှားလာတယ်၊ အဆင်မပြေတာတွေလည်း များလာတယ်။ အကြွေးနည်းနည်းတော့ရှိတယ်၊ အတိုးကြောက်လို့ အများကြီးတော့ မယူဘူး။ ယူပြီးရင်ပြန်ပေးရမှာပဲလေ။

## (ခ) ဝင်ငွေ-ထွက်ငွေ

### ၅။ ပျမ်းမျှဝင်ငွေ

ပါဝင်ဖြေဆိုသူအများစုဖြစ်သည့် အိမ်ထောင်စု ၃၆-ခု (၆၀%) သည် ဝင်ငွေရအလုပ်တစ်ခုစီရှိကြပြီး ကျန် ၂၄-ခု (၄၀%) တွင် ဝင်ငွေရလမ်း နှစ်ခုစီရှိကြသည်။ ပျမ်းမျှအားဖြင့် တစ်လလျှင် အနည်းဆုံး ငွေကျပ် တစ်သိန်း (၁၀၀,၀၀၀) မှ အများဆုံး ခြောက်သိန်း (၆၀၀,၀၀၀) ထိ ဝင်ငွေရရှိသူများပါဝင်သည်။ အများစုမှာ (၃၆-ဦး၊ ၆၀%) တစ်လဝင်ငွေ ၁-သိန်းမှ ၂-သိန်းကြားရှိကြပြီး ၁၇-ဦး (၂၈%) မှာ ၂၀၀,၀၀၁-ကျပ်မှ ၃၀၀,၀၀၀ ကျပ်ထိရှိကြသည်။ ကျန် ၄-ဦး (၇%)မှာ တစ်လဝင်ငွေ ၃၀၀,၀၀၁-ကျပ်မှ ၆၀၀,၀၀၀ ကျပ်ထိ ရရှိကြပြီး (ပုံ-၄) တစ်လပျမ်းမျှဝင်ငွေကို ဖြေဆိုထားခြင်းမရှိသူ ၃-ဦးပါဝင်သည်။ ပါဝင်ဖြေဆိုသူများ၏ ဖော်ပြချက်အရ အခြေခံမိသားစုများ၏ တစ်လပျမ်းမျှဝင်ငွေကို ၂၀၃,၈၆၀-ကျပ်အဖြစ် တွက်ချက်ရရှိသည်။




**ပုံ(၄)။ ပါဝင်ဖြေဆိုသူများ၏ တစ်လပျမ်းမျှဝင်ငွေ**

**ဖြစ်ရပ်-၃။ KKO – ၃၄-နှစ်၊ အိမ်ရှင်မ။**
စားဝတ်နေရေးအတွက်က အကုန်လျှော့သုံးရတာပေါ့။ ဆီဆိုလည်း လျှော့သုံးရတယ်။ ဆန်ဆိုရင်လည်း ည-မနက် ၄-လုံးလောက်ပဲ တည်ဖြစ်တယ်။ ဟင်းချက်စရာလည်း ချင့်ချိန်ရတာပေါ့။ နေ့စဉ်စားဖို့ ပုံမှန်ရတယ်ဆိုပေမယ့် အိမ်သုံးစရိတ်လည်း မြင့်လာတယ်။ ဝင်ငွေမပိုလာတော့ သူများဆီက ချေးငှားသုံးရတာမျိုးရှိလာတယ်၊ အကြွေးရှိလာတယ်။ အခုဆိုရင် မတ်တိုးပေါ့။ အရင်းပြန်မဆပ်မချင်း နေ့တိုင်းပေးရတာ။ ကလေးအတွက်လိုအပ်တာတွေ၊ အစားအသောက်တွေ ဝယ်ရတာက ကျွန်မပဲဝယ်ရတာဆိုတော့ မလောက်ရင် ချေးငှားရတာပဲ။ ယောကျ်ားမသိအောင် ယူထားရတာတွေလည်းရှိတယ်။ အဲ့ဒီတော့ အကြွေးသမားလာမှာလည်း စိုးရိမ်ရ၊ ယောကျ်ားနဲ့ရန်ဖြစ်မှာ စိုးရိမ်ရပေါ့။

**ဖြစ်ရပ်-၄။ စက်ရုံအလုပ်သမားများ**

အမျိုးသားက ပုဂ္ဂလိကစက်မှုလုပ်ငန်းမှာ နေ့စားလုပ်တာပါ။ နေ့စားဆိုတော့ တနင်္ဂနွေနေ့အလုပ်ခိုင်းလို့ဆိုပြီး OT တို့ ဘာတို့မရှိဘူး။ တစ်နေ့ တစ်သောင်းလောက်တော့ရတယ်။ အခုဆိုရင် မီးတွေပျက်တော့ အလုပ်မရှိပဲ ပြန်လာရတာများနေတယ်။ လမ်းစရိတ်ကုန်တာပဲ အဖတ်တင်တာပေ့ါ။ ကျွန်မအရင်တုန်းက ဈေးရောင်းတယ်။ အခု အရောင်းအဝယ်တွေ မကောင်းတော့ ဈေးမရောင်းတော့ဘူး။ **- ATDN, ၄၅-နှစ်။**

အမျိုးသားက သကြားလုံးစက်ရုံမှာ အလုပ်ကြီးကြပ်(Supervisor)ဆိုတော့ မန်နေဂျာနဲ့ဆက်ဆံရတာ၊ မန်နေဂျာနဲ့ အလုပ်သမားတွေကြားမှာ သူ့အတွက် အဆင်မပြေတာတွေတော့ရှိတယ်။ OT (အချိန်ပို) ကလည်း အရင်က (၅)ရက် ကနေ အခု (၃)ရက်ပဲ ခေါ်တော့ ဝင်ငွေလည်းနည်းသွားတယ်။ ဒါပေမယ့် အလုပ်သစ်ရှာရတာ အဆင်ပြေနိုင်မယ်လို့ မထင်ဘူး။
**- AYM, ၂၄-နှစ်၊ အိမ်ရှင်မ။**

အရင်က OT (အချိန်ပို) ရက်မှန်ဆင်းရင် ၂-သိန်း ၄-သောင်းကနေ ၂-သိန်း ၈-သောင်းထိရတယ်။ အခု OT မရှိတော့ ၂-သိန်း ၁-သောင်းလောက်ပဲရတယ်။ ရှားပါးစရိတ် ၃-သောင်းတိုးပေးပေမယ့် လစာမတိုး၊ OT မရှိဆိုတော့ အကြွေးမဆပ်နိုင်ဘူး။ အလုပ်ထဲက အခြေအနေလေးတွေကလည်း ဆိုးလာတယ်။ အရင်ကဆိုရင် အလုပ်သမားဥပဒေအရ ဖြေရှင်းပေးတဲ့ အဖွဲ့တွေ ရှိတယ်လေ။ အခုကျတော့ နိုင်ငံရေးအခြေအနေမှ မကောင်းတာ။ ထိန်းသိမ်းပေးမယ့် အဖွဲ့အစည်းတွေ၊ ကူညီပေးမယ့်သူတွေ အဲလိုမျိုးမရှိဘူး။ စည်းကမ်းတွေလည်းကြပ်လာတယ်။ လိုအပ်လို့ ထုတ်တဲ့တွေ စည်းကမ်းတွေပါသလို၊ ညစ်ပြီးထုတ်တဲ့ စည်းကမ်းတွေလည်း ပါတယ်။
**- MMS, ၃၃-နှစ်၊ စက်ရုံအလုပ်သမား။**

အလုပ်သမားစည်းကမ်းထိန်းသိမ်းတဲ့ လုံခြုံရေးပါ။ အလုပ်ဝင်တာ ၁-နှစ်ပြည့်တော့မယ်။ လုံခြုံရေးဆိုတော့ OT နည်းပြီး အလုပ်ချိန်ပိုများတယ်။ အလုပ်သမားတွေက (၄:၁၅) ပြန်ရရင်၊ ကျွန်မတို့က (၅:၁၅) မှ ပြန်ရတယ်။ အလုပ်သမားတွေရဲ့ OT ကြေးနဲ့လည်းမတူဘူး။ စက်ရုံက အဆင်ပြေသလို သတ်မှတ်ထားတာ။ ဥပဒေအတိုင်း မဟုတ်ဘူး။ အခုချိန်မှာတော့ မကျေနပ်လည်း ငြိမ်ခံနေရမှာပဲ။ တိုင်ဖို့နေရာလည်း မရှိတော့။
**- NDSY, ၂၄-နှစ်၊ စက်ရုံဝန်ထမ်း (လုံခြုံရေး)။**

## ၆။ အသုံးစရိတ်

အခြေခံနှင့် လက်လုပ်လက်စား မိသားစုများ၏ လစဉ်ပုံမှန်အသုံးစရိတ်ကို အကြမ်းအားဖြင့် သိရှိနိုင်ရန် အတွက် စားရေးသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် အခြားအကြောင်းအရာ များအလိုက် မေးမြန်းပါသည်။ ဝင်ငွေ၏ ပမာဏမည်မျှကို သုံးစွဲနေရသည်ကို သိရှိနိုင်ရန်အတွက် ရာခိုင်နှုန်းအလိုက် မေးမြန်းခြင်းဖြစ်သော်လည်း ဖြေဆိုမှုများကိုပြန်လည်စုစည်းရာတွင် ရာခိုင်နှုန်းများဖြင့် တွက်ချက်ဖော်ပြနိုင်ခြင်းမရှိပါ။ ထို့အတွက် ရရှိသည့် အသုံးစရိတ်ဆိုင်ရာ ဖြေဆိုမှုများကို ပမာဏအနည်းအများအလိုက်သာ တွက်ချက်ဖော်ပြနိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပါဝင်ဖြေဆိုသူများ၏ လစဉ်သုံးစွဲငွေ (အသုံးစရိတ်) ပမာဏကို ရာခိုင်နှုန်းဖြင့်ဖော်ပြထားသည့် (၁၀% မှ ၁၀၀% ထိ) ကိန်းဂဏန်းအစား ပမာဏအနည်းအများဖော်ပြချက် (အဆင့်-၁ မှ အဆင့်-၁၀ ထိ) အဖြစ် ပြောင်းလဲတွက်ချက်ခြင်းကို ဆိုလိုပါသည်။ ပမာဏအနည်းအများကို ဖော်ပြရာတွင် "အဆင့်-၁" သည် အနည်းဆုံးသုံးစွဲရသည့်ပမာဏကို ရည်ညွှန်းပြီး "အဆင့်-၁၀" သည် အများဆုံး သုံးစွဲရသည့် ပမာဏဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။

စားရေးသောက်ရေးအတွက် အများဆုံးသုံးစွဲရသည့် ပမာဏမှာ "အဆင့်-၁၀" ထိဖြစ်သည်ဟု ဖော်ပြထားပြီး ပျမ်းမျှအားဖြင့် "အဆင့်-၇" ဖြစ်သည်ဟု တွေ့ရှိရသည်။ နေထိုင်စရိတ်အတွက် အများဆုံးသုံးစွဲရသည့် ပမာဏမှာ "အဆင့်-၇" ဖြစ်ပြီး ပျမ်းမျှအားဖြင့် "အဆင့်-၃" ဖြစ်သည်။ ကျန်းမာရေးအတွက် အသုံးစရိတ်မှာ အများဆုံး "အဆင့်-၁၀" ဖြစ်ပြီး ပျမ်းမျှအားဖြင့် "အဆင့်-၂" ဖြစ်သည်။ လူမှုရေးနှင့် သာရေးနာရေးများအတွက် အများဆုံးသုံးရသည့်ပမာဏမှာ "အဆင့်-၂" ဖြစ်ပြီး ပျမ်းမျှအားဖြင့် "အဆင့်-၁" ဖြစ်သည်။ ပါဝင်ဖြေဆိုသည့် မိသားစု ၁၉-စုတွင် ပညာရေးအတွက် အများဆုံးသုံးရသည့်ပမာဏမှာ "အဆင့်-၄" ဖြစ်ပြီး ပျမ်းမျှအားဖြင့် "အဆင့်-၂" ဖြစ်သည်။ မိသားစု ၁၇-စု၏ အကြွေးဆပ်ရန် (သို့) အတိုးသတ်ရန်အများဆုံးသုံးနေရသည့် ပမာဏမှာ "အဆင့်-၁၀" ဖြစ်ပြီး ပျမ်းမျှအားဖြင့် "အဆင့်-၇" ဖြစ်သည်။ ကလေးစရိတ်အဖြစ်အများဆုံး "အဆင့်-၄"အထိ အသုံးပြုနေရသည်ဟု မိသားစု ၉-စုက ဖော်ပြထားပြီး ပျမ်းမျှအားဖြင့် အသုံးစရိတ် "အဆင့်-၂" ဖြစ်ကြောင်းတွေ့ရှိရသည်။ လောင်းကစားအတွက် (နှစ်လုံးထီ/ချဲထိုးခြင်း၊ မဲထိုးခြင်း) အများဆုံး "အဆင့်-၄" အထိ သုံးစွဲနေသည်ဟု မိသားစု ၄-စုက ဖြေဆိုပြီး ပျမ်းမျှအားဖြင့် ကုန်ကျစရိတ် "အဆင့်-၃" ရှိကြောင်းတွေ့ရှိရသည်။ အခြားအသုံးစရိတ်များတွင် မိဘအား ပြန်လည်ပံ့ပိုးထောက်ပံ့ခြင်း၊ ကိုယ်ဝန်စရိတ်နှင့် သင်တန်းကြေးများ ပါဝင်ပြီး အများဆုံး "အဆင့်-၈" အထိ သုံးစွဲရသည်ဟု မိသားစု ၇-စုက ဖြေဆိုသည်။ ပျမ်းမျှအားဖြင့် "အဆင့်-၃" ဖြစ်သည်ဟု တွေ့ရှိရသည် (ဇယား-၃)။

ဖြေဆိုမှုများအရ ဝင်ငွေ၏ပမာဏအများစုကို စားရေးသောက်ရေး၊ ကျန်းမာရေးနှင့် အကြွေးဆပ်ရေးအတွက် သုံးစွဲနေရပြီး ပျမ်းမျှအားဖြင့်လည်း စားရေးသောက်ရေးနှင့် အကြွေးဆပ်ရန် ဝင်ငွေ၏ပမာဏအများစုကို အသုံးပြုနေရသည်ဟု တွေ့ရှိရသည်။

**ဇယား(၃)။ အကြောင်းအရာအလိုက်ကုန်ကျစရိတ်များအား ခွဲဝေသုံးစွဲမှု။**

| သုံးစွဲရသည့် အကြောင်းအရာ | ဖြေဆိုသူ ဦးရေ | အနည်းဆုံး အဆင့် | အများဆုံး အဆင့် | ပျမ်းမျှ အဆင့် |
|---|---|---|---|---|
| (က) စားရေးသောက်ရေး | ၆၀ | ၃ | ၁၀ | ၇ |
| (ခ) နေထိုင်စရိတ် | ၅၈ | ၁ | ၇ | ၃ |
| (ဂ) ကျန်းမာရေး | ၅၉ | ၁ | ၁၀ | ၂ |
| (ဃ) လူမှုရေး/ သာရေးနာရေး | ၅၉ | ၁ | ၂ | ၁ |
| (င) ပညာရေး | ၁၉ | ၁ | ၄ | ၂ |
| (စ) အကြွေးဆပ်/ အတိုးသတ် | ၁၇ | ၁ | ၁၀ | ၇ |
| (ဆ) ကလေးစရိတ် | ၉ | ၁ | ၄ | ၂ |
| (ဇ) ချဲ / မဲ | ၄ | ၂ | ၄ | ၃ |
| (ဈ) အခြား | ၇ | ၁ | ၈ | ၃ |

***မှတ်ချက်။*** *ပမာဏအနည်းအများကို ဖော်ပြရာတွင် "အဆင့်-၁" သည် အနည်းဆုံးသုံးစွဲရသည့်ပမာဏကို ရည်ညွှန်းပြီး "အဆင့်-၁၀" သည် အများဆုံး သုံးစွဲရသည့် ပမာဏဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။*

## ၇။ ဝင်ငွေ-ထွက်ငွေ၊ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

ဝင်ငွေ-ထွက်ငွေ လုံလောက်မှုအခြေအနေအား မေးမြန်းရာတွင် စုမိဆောင်းမိရှိသည် (သို့) ဝင်ငွေ ထွက်ငွေ ညီမျှသည်ဟု ဖြေဆိုသူ တစ်ဦးမျှမရှိပေ။ ပါဝင်ဖြေဆိုသူအများစုဖြစ်သည့် ၅၅-ဦး (၉၂%) က "အကြွေးတင် လျက်ရှိသည်" ဟု ဖြေဆိုကြပြီး ကျန် ၅-ဦး (၈%) က "လောက်ငှရုံသာဖြစ်သည်" ဟု ဖြေဆိုကြသည်။ ယခင် ကာလများနှင့် နှိုင်းယှဉ်ပါက မိသားစုစားဝတ်နေရေး အခြေအနေ "ပိုကြပ်တည်းသည်" ဟူ၍ ၅၈-ဦး (၉၇%) က ဖြေဆိုပြီး၊ ယခင်နှင့်ယခု "ထူးခြားမှုမရှိပါ" ဟု ကျန် ၂-ဦး (၃%) က ဖြေဆိုသည် (ဇယား-၄)။

အလုပ်အကိုင်အခွင့်အလမ်းများမှာ ယခင်ကာလနှင့်နှိုင်းယှဉ်ပါက "ပိုနည်းလာသည်" ဟု ၅၉-ဦး (၉၈%) က ဖြေဆိုပြီး ယခင်နှင့်ယခု "ထူးခြားမှုမရှိပါ"ဟု ကျန် ၁-ဦး (၂%) က ဖြေဆိုသည်။ အရပ်တပါးတွင် ရွှေ့ပြောင်း အလုပ်လုပ်ကိုင်နေသူရှိသည့် မိသားစုမှာ ၃-စု (၅%) သာရှိပြီး ပြည်တွင်း၌သာဖြစ်သည်။ ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်နေသူရှိသည့် မိသားစုများမပါဝင်ပါ။

**ဇယား(၄)။ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှိုင်းယှဉ်ချက်။**

| ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက - | စားဝတ်နေရေး အခြေအနေ | | အလုပ်အကိုင် အခွင့်အလမ်းများ | |
|---|---|---|---|---|
| | # | % | # | % |
| (က) ပိုဆိုးလာသည် | ၅၈ | ၉၇% | ၅၉ | ၉၈% |
| (ခ) ပိုကောင်းလာသည် | ၀ | ၀% | ၀ | ၀% |
| (ဂ) ထူးခြားမှုမရှိ | ၂ | ၃% | ၁ | ၂% |

**ဖြစ်ရပ်-၅။ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူများ။**

တစ်သက်လုံး စာပဲသင်လာတဲ့ ဆရာမဆိုတော့ တခြားအလုပ်လုပ်ဖို့လည်းခက်တယ်။ ကျူရှင်ပြစားဖို့လည်းမလွယ်ဘူး။ ဘော်ဒါဆောင် ပိုင်ရှင်တွေကလည်း လက်မခံချင်ဘူးပေါ့လေ။ ဝင်ငွေကနည်းတော့ စားဝတ်နေရေးကြပ်တယ်။ အကြွေးနည်းနည်းတင်တယ်။ အတတ်နိုင်ဆုံး ခြိုးခြံပြီးစားတယ်၊ အသုံးစရိတ်တွေ အများကြီးလျှော့ပစ်တယ်။ ရှင်းရှင်းပြောရရင် ဘုရားပန်းတောင် အပွင့်ပန်းမကပ်နိုင်ဘူး။ မီးနဲ့ရေကလည်း မီးခက်မှတော့ ရေလည်း ခက်တာပေါ့။ ရေ ဝယ်သုံးရတဲ့ဈေးလည်း တက်သွားပြီ။ ရေတစ်စည်ကို ၇၀၀-လောက် ဖြစ်နေပြီ။ အကူအညီလိုတဲ့အခါ ကိုယ်နဲ့ရင်းနှီးတဲ့သူ၊ တစ်သွေးတစ်သားထဲရှိတဲ့ သူတွေဆီက တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်ပြန်ကူရတာပဲ။ စိတ်ပိုင်းဆိုင်ရာအရလည်း စိုးရိမ်နေရတာတွေ ရှိတာပေါ့။ ပတ်ဝန်းကျင်ကိုသတိထားနေရတာပေါ့။ လုံခြုံမှုမရှိတော့ လွတ်လပ်မှုလဲ မရှိတော့ဘူး။ အတတ်နိုင်ဆုံးအသွားအလာ၊ အနေအထိုင် အပြောအဆိုကအစ ဆင်ခြင်ရတာပေါ့။ - **KKT – ၅၅-နှစ်။**

စီဒီအမ်သမားဆိုတော့ ပုံမှန်အလုပ်တွေ ပြန်မရဘူး။ စားဝတ်နေရေးက ပိုကြပ်လာတဲ့အခါကျတော့ မိဘတွေဆီက အထောက်အပံ့နည်းနည်းပါးပါးပြန်ယူရတယ်။ အကြွေးလည်း နည်းနည်းတော့ရှိတယ်။ CDM သမားလည်းဖြစ်၊ ကိုယ်ဝန်ကလည်းရှိနေတော့ ကိုယ့်လုံခြုံရေးအတွက်ရယ်၊ မွေးလာမယ့်ကလေးအတွက်ရယ် စိုးရိမ်မှုတွေရှိတယ်။ အလုပ်နားနားချင်း (CDM ဝင်ပြီးပြီးချင်း) စိတ်ခြောက်ခြားပြီး ရှောင်ရတိမ်းရတွေရှိခဲ့သေးတယ်။ အရင်က စုထားဆောင်းထားတာတွေလဲ ကုန်ပေါ့။ သွားရေးလာရေးခက်၊ လုံခြုံမှုလည်းမရှိတော့ဘူး၊ စိတ်လွတ်လပ်မှုလည်းမရှိတော့ဘူး။ - **TZ – ၃၆ နှစ်။**

# (ဂ) ပညာရေးနှင့် ကျန်းမာရေး

## ၈။ ပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု

အခြေခံပညာအဆင့် ကျောင်းနေအရွယ်ကလေးရှိသည့် မိသားစု ၂၁-စုတွင် ကလေး(များ)၏ ပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားမှုကို မေးမြန်းရာ၌ ၁၇-ဦး(၈၁%) က "အခြေခံပညာကျောင်းတက်စေသည်" ဟု ဖြေဆိုကြသည်။ "မည်သို့မျှ မစီစဉ်ပါ" ဟူ၍ ၇-ဦး(၃၃%)က ဖြေဆိုသည်။ "အခြား အသိပညာ/အတတ်ပညာတစ်ခုခု သင်စေသည်" ဟု ၄-ဦး (၁၉%) က ဖြေဆိုသည်။ အခြားပုံစံဖြင့် စီစဉ်ပေးသည်ဟု ၄-ဦး (၁၉%) က ဖြေဆိုသည် (အခြားပုံစံတွင် မူကြိုထားခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့် မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် စာသင်စေခြင်းတို့ ပါဝင်သည်)။ အွန်လိုင်းအစီအစဉ်ဖြင့် သင်စေသည်ဟု ၁-ဦး (၅%) က ဖြေဆိုပြီး ပုဂ္ဂလိကကျောင်းထားခြင်း သို့မဟုတ် မိသားစုဝင်က စာသင်ပေးခြင်းများကို ဖြေဆိုထားသူမရှိပါ (ဇယား-၅)။

ကလေးများ၏ ပညာရေးနှင့်ပတ်သက်သည့် ယေဘုယျမျှော်လင့်ချက်များကို မေးမြန်းရာ၌ ကလေးရှိသည့် မိသားစု ၄၇-စုတွင် ပညာတတ်ကြီးဖြစ်စေချင်သည်၊ ဆယ်တန်းအောင်/ဘွဲ့ရစေချင်သည်၊ စာတတ်စေချင်သည်ဟု ဖြေဆိုသူ ၂၃-ဦး (၄၉%) ရှိပြီး၊ အလုပ်တစ်ခုရစေချင်သည်၊ အတတ်ပညာတစ်ခု တတ်စေချင်သည်ဟု ဖြေဆိုသူ ၆-ဦး (၁၃%) ရှိသည်။ ကျန် ၁၈-ဦး (၃၈%) မှာ ဖြေဆိုထားခြင်းမရှိပါ။

**ဇယား(၅)။ ကလေးပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများ။**

| ကလေးပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု | ဦးရေ | % |
|---|---|---|
| (က) စာကို မိသားစုဝင်က သင်ပေးသည်၊ | - | ၀% |
| (ခ) ပုဂ္ဂလိကကျောင်းထားသည်၊ | - | ၀% |
| (ဂ) အခြေခံပညာကျောင်းတက်စေသည်၊ | ၁၇ | ၈၁% |
| (ဃ) အွန်လိုင်းအစီအစဉ်ဖြင့် သင်သည်၊ | ၁ | ၅% |
| (င) အခြား အသိ/အတတ်ပညာတစ်ခုခု သင်စေပါသည်၊ | ၄ | ၁၉% |
| (စ) မည်သို့မျှ မစီစဉ်ပါ၊ | ၇ | ၃၃% |
| (ဆ) အခြား | ၄ | ၁၉% |

*"သားရော၊ သမီးရော ကျောင်းမတက်တော့ဘူး။ အမေ CDM သားသမီး CDM ဖြစ်သွားတာပေါ့။ အခု ဒီနှစ်ပိုင်းတွေမှာ ကျောင်းပြန်ဖွင့်ဖို့လုပ်နေကြတာတွေ အများကြီးပဲ။ ကောင်းမွန်တဲ့ ပညာရေးမဖြစ်နိုင်ပါဘူး။ အရင် တစ်ယောက်ကို တစ်ဘာသာသင်လာတဲ့ဟာ၊ အခု တစ်ယောက်တည်းနဲ့ ၃-၄ ဘာသာ သင်ရတာတွေ၊ အင်အားမမျှတာတွေ၊ မကျွမ်းကျင်တဲ့ ဘာသာရပ်ကိုင်ရတာတွေ၊ အထက်က ဖိအားပေးတာတွေနဲ့ စိတ်တော်တော် ဆင်းရဲကြတယ်။ အဲ့ဒါ Non-CDM တွေ ကိုယ်နှိုက်ကထွက်တဲ့စကား။ ၂-ပတ်လောက် သင်တန်းတက်ပြီး SAT (အထက်တန်းပြ) ဖြစ်တယ်ဆိုတာလည်း တန်ဖိုးမရှိပေါပေါပဲပဲဖြစ်ကုန်ပြီ။ နောက်ပြီး ကျောင်းတက်နေတဲ့ကလေးတွေကလည်း ကိုယ့်ရဲ့ကျောင်းသားကျောင်းသူတွေ။ သူတို့တွေလည်း သွေးကွဲသွားတာပေါ့လေ။"*

**- DKKT – (အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူ) -**

*"သားယောက်ျားလေး ၂ ယောက်။ အငယ်လေးကမူကြို၊ လာမယ့်နှစ် ကျောင်းတက်ရတော့မယ်ဆိုတော့ ကျောင်းထားဖို့ အစီအစဉ်ရှိပါတယ်။ သားအကြီးက ၇-တန်း။ အခုကြားမှာ မတက်ရတာ ၃-နှစ်လောက်ရှိသွားပြီ။ နည်းနည်းလေး အခြေအနေပြန်ကောင်းလာရင် လာမယ့်နှစ်မှာ အကြီးကောင်ကို ကျောင်းပြန်ထားချင်တယ်။ တက်ချင်လား မတက်ချင်ဘူးလား သူ့ကိုမေးကြည့်ရမှာပေ့ါ။ တတ်ချင်တဲ့ စိတ်ရှိရင် ထားပေးမယ်။ အငယ်ကောင်ကိုတော့ ပညာတတ်ဖြစ်အောင် သင်ပေးချင်တယ်။"*

**- KKO (အိမ်ရှင်မတစ်ဦး) -**

*"အကြီးမက ဒုတိယနှစ်။ အငယ်မ ၁၀-တန်း ကျူရှင်ခတွေငွေ့ပြီး အဲ့ဒီနှစ်က မဖြေခဲ့ဘူး။ အငယ်မက ၁၀-တန်းအောင်၊ သားက ၈-တန်း။ နောက်တော့ ကိုဗစ်နဲ့ နိုင်ငံရေးနဲ့ ကျောင်းဆက်မထားဖြစ်တော့ဘူး။ သားကတော့ သူ့အဖေနဲ့ ဝိုင်းကူလုပ်ပေ့ါ။ ကျောင်းဆက်တက်လည်း ကိုယ်ပဲစိတ်ပူနေရမှာ။ စိတ်ပူရမယ့်အလုပ်ကြီး မလုပ်ချင်ဘူး။ နိုင်ငံရေးကောင်းသွားရင်တော့ ပြန်တက်မှာပေ့ါ၊ ပညာရေး ဆုံးခန်းတိုင်အောင်တော့ လုပ်ရမှာပေ့ါ။ သမီး(၂)ယောက်လုံး ပညာရေးမဆိုးဘူးဆိုတော့ မျှော်လင့်ထားတယ်။ ဒုတိယနှစ်ဆိုတော့ ကျောင်းပြီးခါနီးနေပြီ။ တကယ်တမ်း ဒုတိယနှစ်နဲ့ ဘွဲ့ရနဲ့ဆို အလုပ်ဝင်ရတာ ကွာတယ်။ လက်မှတ်မရှိတဲ့အတွက်ကို ကွာနေတာ။"*

**- AA (ကျပန်း) -**

*"(ကျွန်မ) ပညာရေးက တတိယနှစ် အဝေးသင်ပါ။ ဘွဲ့က မရသေးဘူး။ ကျောင်းအပ်ပြီး Assignment တင်မလို့ပဲ။ နိုင်ငံရေးကိစ္စဖြစ်တော့ ကျောင်းတက်လို့မရဘူး။ နို့မို့ဆိုရင် အခုချိန် ဘွဲ့တောင်ရလောက်ပြီ။ ပညာရေးအတွက်တော့ လောလောဆယ် ဘာမှမစီစဉ်ဘူး။ စားဖို့တောင် အနိုင်နိုင်။ အခြေအနေတွေ ကောင်းမယ်ဆိုရင် ကျောင်းဆရာမ လုပ်မယ်။ ဘွဲ့ရပြီးရင် ကျောင်းဆရာမ လုပ်ချင်တယ်။"*

**- NDSY (စက်ရုံဝန်ထမ်း) -**

*"ကလေးကတော့ အစိုးရကျောင်းပဲထားတာပါ။ ကျောင်းက ဒီနားလေးတင်ပါဘဲ။ ကျောင်းလွတ်ရတာ စိတ်တော့မချဘူးပေ့ါ။ ဒါပေမယ့်လည်း အများနဲ့ဆိုတော့လည်းပေ့ါ။ ကလေးရဲ့ပညာရေးကလည်း ရှိသေးတယ်လေ။ ဒီအတိုင်းထားရင် ကလေးစာမတတ်၊ တခြားစီစဉ်ဖို့ကလည်း ကိုယ်မှမတတ်နိုင်တာ။ ကလေးရဲ့ပညာရေးအခြေအနေကောင်းပါတယ်။ ကိုယ့်စိတ်ထဲမှာလည်း အများကြီးမျှော်လင့်ထားတယ်။ ကိုယ်ကပညာမတတ်တဲ့အတွက် သူ့ကိုပညာတတ်စေချင်တယ်။ အမြင့်ကို ရောက်စေချင်တယ်။ ဘွဲ့ရပြီး အလုပ်အကိုင်ကောင်းကောင်းတစ်ခုရစေချင်တာ။"*

**- MMS (စက်ရုံအလုပ်သမား) -**

*"သားလေးက ဒီ(၇)လပိုင်းမှာ ၄-နှစ်ပြည့်တာ။ မူကြိုထားရတော့မယ်။ သူ့ပညာရေးကို ရည်မှန်းထားတယ်။ ရပ်ကွက်ထဲမှာ ကိုယ်ပိုင်ကျောင်းရှိတယ်လေ။ သူကလည်း ငယ်ငယ်တည်းက အဲ့ဒီမှာတက်ချင်နေတာ၊ ကိုယ်ကမထားနိုင်တော့ အဲ့ဒီကျောင်းက ဆရာမတွေက ရိုက်တယ်ဆိုပြီး ညာထားရတယ်။ တကယ်လို့ ကျောင်းထားဖြစ်ရင် ကုန်ကျစရိတ်တတ်နိုင်တဲ့ အစိုးရကျောင်းတွေမှာ ထားရမှာပေ့ါ။"*

**- AYM (အိမ်ရှင်မတစ်ဦး) -**

## ၉။ ကျန်းမာရေး

မိသားစုအတွင်း ကျန်းမာရေးအတွက် အထူးဂရုစိုက်နေရသူ (သို့မဟုတ်) နာတာရှည်ရောဂါရှိနေသူ တစ်ဦးဦး ရှိနေသည်ဟု ၃၉-ဦး (၆၅%) က ဖြေဆိုပြီး၊ ထိုသို့ အထူးဂရုစိုက်ရန်လိုအပ်နေသူ မရှိပါဟု ၂၁-ဦး (၃၅%) က ဖြေဆိုသည်။ မိသားစုအတွင်း နာမကျန်းဖြစ်သည့်အခါ ပုံမှန်အားဖြင့် "ဆေးဆိုင်တွင် မေးမြန်းဝယ်ယူကုသသည်" ဟု ၄၃-ဦး (၇၂%) က ဖြေဆိုပြီး၊ "ဆေးခန်း/ဆေးရုံတွင် ကုသသည်" ဟု ၃၀-ဦး (၅၀%) က ဖြေဆိုသည်။ "အိမ်တွင်းဆေးနည်းများဖြင့် ကုသသည်" ဟု ဖြေဆိုသူ ၇-ဦး (၁၂%) ရှိပြီး "အရပ်တွင်းမှ ကုသနိုင်သူတစ်ဦးဦးထံ ပြသသည်" ဟု ၁-ဦး (၂%) က ဖြေဆိုသည်။

*"ရောဂါက(၂)ခုလောက်ရှိတယ်။ ကလေးမွေးပြီးတည်းကဖြစ်တဲ့ အရေပြားလေးဘက်နာရယ် နှလုံးမကောင်းတာရယ်။ အရေပြားလေးဘက်နာအတွက် အထူးကုဆီကို ညွှန်းပေမယ့် ပိုက်ဆံအများကြီးကုန်မှာစိုးလို့ အစက မပြဖြစ်ဘူး။ သွားပြဖြစ်တော့ ဆေး(၅)နှစ်လောက် သောက်ရမယ်ပြောတယ်။ နောက်ပိုင်းတော့ ဆေးခန်းသွားမပြတော့ဘူး။ ဆေးကတ်လေးကိုမှတ်ထားပြီး သွားသွားဝယ်သောက်တယ်။ စသောက်တုန်းကတော့ မနက်ဆေး၊ ညဆေး ၃-သောင်းကျော်လောက်ကုန်တယ်။ မနက်ပိုင်းအစားတွေဘာတွေ မစားဖြစ်တော့ အင်္ဂလိပ်ဆေးသောက်ရင်နွံးတာကြောင့်ရယ်၊ ကုန်ကျစရိတ်သက်သာအောင်ရယ် မနက်ဆေးကို ကိုယ့်ဘာသာပဲ ဖြတ်လိုက်ပြီး ညဆေးတော့ ပုံမှန်သောက်တယ်။ အခု ဆေးတွေလည်းဈေးတက်တော့ တစ်လကို ၂၆,၀၀၀-လောက် ကျတယ်။ ပြီးခဲ့တဲ့(၈)လပိုင်းထိဆို ဆေးသောက်လာတာ ၂-နှစ်ရှိပြီ။ နှလုံးဆေးအတွက်က ဗမာဆေးသောက်ဖြစ်တယ်။"*

**- AYM (အိမ်ရှင်မတစ်ဦး) -**

*"ကျန်းမာရေးအတွက်တော့ ဖူလုံရေးပဲ အားကိုးနေရတယ်။ သူတို့ကို ပိုက်ဆံပေးစရာမလိုဘူး၊ ကိုယ့်ဖူလုံရေးကြေးထဲကပဲ ဖြတ်တာ။ တခြားဆေးခန်းလည်းမသွားနိုင်ဘူးလေ။ ဖူလုံရေးက အချိန်နဲ့ သွားရတာဆိုတော့ လူကြပ်တဲ့အခါလည်းကြပ်တယ်။ ဆရာမတွေကတော့ ဆက်ဆံရေးကောင်းပါတယ်။"*

**- TDS (စက်ရုံအလုပ်သမား) -**

*"ယောက်ျားက နာတာရှည်ရောဂါသည်လိုဖြစ်နေတာပေါ့။ အင်္ဂလိပ်ဆေးက သက်သာတာမြန်ပေမယ့် ကုန်ကျစရိတ်များတယ်။ ခုနောက်ပိုင်း မြန်မာဆေးဘက်လှည့်ထားတယ်။ မြန်မာဆေးပဲ စွဲသောက်တော့ ခုနောက်ပိုင်း ဆေးဖိုးသိပ်မကုန်ဘူး။ အိမ်ကလူတွေ တစ်ခါတစ်လေ ကိုက်တာခဲတာရှိရင်တော့ ရပ်ကွက်ထဲက အင်္ဂလိပ်ဆေးခန်းကိုပြေး၊ ဆေးထိုးပေးလိုက်တာရှိတယ်။"*

**- AA (ကျပန်း) -**

## (ဃ) ရင်ဆိုင်ရသည့်ပြဿနာများ

ရင်ဆိုင်ရသည့်ပြဿနာများကို သိရှိနိုင်ရန်အတွက် အဆင့်(၄)ဆင့်ခွဲ၍ ရွေးချယ်သတ်မှတ်စေပါသည်။ (၁) ပြဿနာမရှိပါ၊ (၂) ပြဿနာအနည်းငယ်ရှိသည်/ အနည်းငယ်အခက်အခဲရှိသည်၊ (၃) များစွာခက်ခဲသည် / ပြဿနာများစွာကြုံရသည်၊ (၄) အဆိုးရွားဆုံး အခြေအနေဖြစ်သည်ဟူ၍ ရည်ညွှန်းပါသည်။ ရရှိသည့် တုံ့ပြန်ဖြေဆိုမှုများကို ပြန်လည်စုစည်း၍ တင်ပြရတွင်မှု အဆင့်(၁)နှင့်(၂)တို့ကို ပြဿနာမရှိ (သို့) ပြဿနာ အနည်းငယ်ရှိသည်ဟုသော်လည်းကောင်း၊ အဆင့်(၃)နှင့် (၄) တို့ကို များစွာခက်ခဲသည် (သို့) အဆိုးရွားဆုံး အခြေအနေဖြစ်သည်ဟုလည်းကောင်း ခွဲခြားဖော်ပြပါသည် (ဇယား-၆)။

စားရေးသောက်ရေးနှင့်ပတ်သက်၍ ၁၆-ဦး (၂၇%) က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟု ဖော်ပြပြီး ၄၄-ဦး (၇၃%)က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေကြုံနေရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအားဖြင့် အဆင့်(၃)-စားရေးသောက်ရေးအတွက် များစွာခက်ခဲသည်ဟု တွေ့ရှိရသည်။ အဆိုပါ အခြေအနေနှင့်ပတ်သက်၍ မှတ်ချက်ပေးရာတွင် ဝင်ငွေ-ထွက်ငွေ မျှတမှုမရှိကြောင်း၊ အလုပ်မရှိ၊ ပုံမှန် ဝင်ငွေမရှိ (သို့) ဝင်ငွေနည်းကြောင်း၊ ထမင်းမစားရသည့်နေ့များရှိကြောင်း ဖော်ပြမှုများကို တွေ့ရှိရပါသည်။

*"ပတ်ဝန်းကျင်ကလည်း CDM ဝင်ထားတဲ့သူတွေဆိုပြီး ရှောင်ကြတာပေါ့။ ကြောက်နေရတာ၊ စိုးရိမ်နေရတာကော ရှိတာပေါ့၊ တခုခုများ အကူအညီတောင်းမလား ဆိုတဲ့ပုံစံ။ ကျွန်မတို့နဲ့ ပေါင်းရင် ချေးမယ်၊ ငှားမယ်ဆိုပြီးအထင်သေးတာပေါ့နော်။ ပတ်ဝန်းကျင်ဒဏ်ကို ခံရတယ်။ ညီအစ်ကို မောင်နှမဆွေမျိုးအသိုင်းအဝိုင်းကတောင် အပြစ်တင်တာပေါ့နော်။ စားဝတ်နေရေး ကြပ်မှာပေါ့ နင်က ဒါလုပ်တာကိုးဆိုပြီး။ အလုပ်အကိုင်အခွင့်အလမ်းကလည်း ကိုယ့်အတွက် ဆိုရင် ပိုဆိုးလာတာပေါ့။ သူတို့ထုတ်ပြန်တဲ့ အမိန့်ကြေငြာစာထဲမှာ ကျွန်မပါတယ်လေ။"*

**- KKT (အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူ) -**

နေထိုင်ရေးနှင့်ပတ်သက်၍ ၄၁-ဦး (၆၈%) က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟု ဖော်ပြပြီး ၁၈-ဦး (၃၀%) က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေကြုံရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအနေနှင့် အဆင့်(၂)-နေထိုင်ရေးအတွက် ပြဿနာ/အခက်အခဲအနည်းငယ်ရှိသည်ဟု တွေ့ရှိရသည်။ မှတ်ချက်များတွင် ဆွေမျိုးများ၊ မိတ်ဆွေများ၏ အကူအညီဖြင့်နေထိုင်ရသည်၊ အခန်းငှားခများ ဈေးကြီးလာသဖြင့် မတတ်နိုင်တော့ပါ၊ အိမ်လခမပေးနိုင်သဖြင့် ခဏခဏနှင်ချခံနေရသည်၊ ကျူးကျော်ပြီးနေရသည်၊ လုံခြုံရေး အခြေအနေကြောင့် နေရာရွှေ့ပြောင်းနေရသည်ဟု ဖော်ပြမှုများ တွေ့ရှိရသည်။

*"အဆောင်ခက ၆၀,၀၀၀ ပေးရတယ်။ ၁၀-ပေပတ်လည်လောက်အခန်းပေါ့။ အရင်က မီတာမဆောင်လို့ မီးလာဖြတ်သေးတယ်။ ခုနောက်ပိုင်း အဆောင်ပိုင်ရှင်က မီတာ ဆောင်တော့ မီးတော့ပုံမှန်လာတယ်။"*

**- AYM (အိမ်ရှင်မတစ်ဦး) -**

*"အလုပ်အကိုင် အဆင်မပြေတော့ အကြွေးမဆပ်နိုင်ဘူး။ အကြွေးယူရင်းနဲ့ လုံးလည် ချာလည် လိုက်နေတာ။ အခု ဈေးပေါတဲ့အခန်းကို ၂-ယောက်ပေါင်းပြီး ငှားနေရတယ်။ ကိုယ့်ဝင်ငွေနဲ့ လောက်ငအောင် သူများနဲ့ သွားနေရတာပေါ့။"*

**- TDS (စက်ရုံအလုပ်သမား) -**

*ဇယား(၆)။ ရင်ဆိုင်ရသည့်ပြဿနာများကို ဆိုးရွားမှုအခြေအနေအလိုက်ဖော်ပြမှု။*

| | ပြဿနာမရှိ (သို့) အနည်းငယ် ခက်ခဲသည် | | များစွာခက်ခဲသည် (သို့) အဆိုးရွားဆုံးအခြေအနေ | | ပျမ်းမျှ |
|---|---|---|---|---|---|
| | ဦးရေ | % | ဦးရေ | % | |
| **စားရေးသောက်ရေး** | ၁၆ | ၂၇% | ၄၄ | ၇၃% | ၃ |
| **နေထိုင်ရေး** | ၄၁ | ၆၈% | ၁၈ | ၃၀% | ၂ |
| **ကျန်းမာရေး** | ၄၃ | ၇၂% | ၁၇ | ၂၈% | ၂ |
| **ပညာရေး** | ၃၅ | ၅၈% | ၁၃ | ၂၂% | ၂ |
| **လုံခြုံရေး** | ၄၄ | ၇၃% | ၁၄ | ၂၃% | ၂ |
| **စိတ်ပိုင်းဆိုင်ရာ** | ၂၅ | ၄၂% | ၃၄ | ၅၇% | ၃ |
| **ကြွေးမြီ** | ၂၃ | ၃၈% | ၃၇ | ၆၂% | ၃ |
| **သွားလာရေး (သယ်/ပို့)** | ၅၂ | ၈၇% | ၆ | ၁၀% | ၂ |
| **ရေ/မီး ရရှိမှု** | ၄၇ | ၇၈% | ၁၂ | ၂၀% | ၂ |
| **အကြမ်းဖက်ခံရမှု (အိမ်တွင်း)** | ၅၆ | ၉၃% | ၁ | ၂% | ၁ |
| **အကြမ်းဖက်ခံရမှု (အိမ်ပြင်)** | ၅၁ | ၈၅% | ၄ | ၇% | ၁ |

*၁ = ပြဿနာမရှိပါ၊ ၂ = အနည်းငယ် အခက်အခဲရှိသည်၊ ၃ = များစွာ ခက်ခဲသည်၊ ၄ = အဆိုးရွားဆုံး အခြေအနေဖြစ်သည်။*

***မှတ်ချက်။*** *ရင်ဆိုင်ရသည့်ပြဿနာများကို ဆိုးရွားမှုအလိုက် အဆင့်သတ်မှတ်စေရာ၌ အဆင့် "၁" နှင့် "၂" တို့ကို ပြဿနာမရှိ (သို့) ပြဿနာ အနည်းငယ်ရှိသည်ဟုသော်လည်းကောင်း၊ အဆင့် "၃" နှင့် "၄" တို့ကို များစွာခက်ခဲသည် (သို့) အဆိုးရွားဆုံး အခြေအနေဖြစ်သည်ဟုလည်းကောင်း ခွဲခြားဖော်ပြထားခြင်းဖြစ်သည်။*

ကျန်းမာရေးနှင့်ပတ်သက်၍ ၄၃-ဦး (၇၂%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟု ဖော်ပြပြီး ၁၇-ဦး (၂၈%) က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေကြုံရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအနေနှင့်မူ အဆင့်(၂)-ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိသည်ဟု တွေ့ရှိရသည်။ မှတ်ချက်များတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ခင်ပွန်း (သို့) မိဘနာမကျန်းဖြစ်လျက်ရှိနေကြောင်း၊ အောက်ဆီဂျင်ပေးနေရသူ/ လေဖြတ်နေသူအပါအဝင် ကျန်းမာရေးအတွက် အထူးဂရုစိုက်ပေးနေရသူများ ရှိနေကြောင်း ဖော်ပြမှုများတွေ့ရှိရသည်။

ပညာရေးနှင့်ပတ်သက်၍ ၃၅-ဦး (၅၈%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟု ဖော်ပြပြီး ၁၃-ဦး (၂၂%) က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေကြုံရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအနေနှင့်မူ အဆင့်(၂)-ပညာရေးနှင့်ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိသည်ဟု တွေ့ရှိရသည်။ မှတ်ချက်များတွင် ပညာရေးဆိုင်ရာ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်နေသည်၊ ပညာရေးတပိုင်းတစဖြစ်နေသည်၊ ကျောင်းထားရန် သို့မဟုတ် အွန်လိုင်းအစီအစဉ်များကို လက်လှမ်းမီရန် မတတ်နိုင်ကြောင်း ပါဝင်သည်။

လုံခြုံရေးနှင့်ပတ်သက်၍ ၄၄-ဦး (၇၃%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟု ဖော်ပြပြီး ၁၄-ဦး (၂၃%) က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေကြုံရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအနေနှင့်မူ အဆင့်(၂)-လုံခြုံရေးနှင့်ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိသည်ဟု တွေ့ရှိရသည်။ မှတ်ချက်များအတွင်း လုံခြုံရေးအတွက် စိုးရိမ်နေရသည်၊ အာဏာဖီဆန်လှုပ်ရှားမှုတွင်မပါဝင်နေသူ (Non-CDM)

များ၏ ခြိမ်းခြောက်ခံရမှုများကို ကြုံရသည်၊ လုယက်မှုများနှင့် ရာဇဝတ်မှုများ ပိုများလာသည်ဟု ဖော်ပြကြသည်ကို တွေ့ရှိရသည်။

*"အလုပ်ကတော့ အစောကြီးသွားရတယ်။ ၆-နာရီမထိုးခင်ထသွားရတာ။ ဖယ်ရီမရှိတော့ လမ်းလျှောက်ပဲ။ လူပြတ်တဲ့နေရာတွေရယ်တော့ရှိတယ်။ ခုနောက်ပိုင်း ဖုံးကွဲတာမျိုးတွေ ဘာတွေတော့ ပိုပြီးစိုးရိမ်ရတယ်။"*

**- NDSY (စက်ရုံဝန်ထမ်း) -**

*"အခုက ဘယ်မှာမှ မလုံခြုံဘူး။ အပြင်သွားရင်လည်း မလုံခြုံဘူး။ အခန်းမှာလည်း မလုံခြုံပါဘူး။"*

**- TDS (စက်ရုံအလုပ်သမား) -**

စိတ်ပိုင်းဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ၂၅-ဦး (၄၂%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟုဖော်ပြပြီး ၃၄-ဦး (၅၇%) က များစွာခက်ခဲသည်/ အဆိုးရွားဆုံးအခြေအနေ ကြုံရသည်ဟု ဖြေဆိုသည်။ ပျမ်းမျှအနေနှင့်မှု အဆင့်(၃)-စိတ်ပိုင်းဆိုင်ရာအခက်အခဲများစွာကြုံရသည်ဟုတွေ့ရှိရသည်။ မှတ်ချက်များအတွင်း ပျော်ရွှင်မှုမရှိပါ၊ ဝင်ငွေ-ထွက်ငွေ မလောက်ငှ/မမျှတပါ၊ ထောင်ကျနေသည့် မိသားစုဝင် ရှိနေသည်၊ ကြောက်ရွံ့စိုးရိမ်နေရသည်၊ စိတ်ဓါတ်ကျနေသည်ဟူ၍ တွေ့ရှိရသည်။

*"နိုင်ငံရေးမကောင်း သွားလာရေး မဖြောင့်ဖြူး၊ လုံခြုံမှုမရှိတော့ ကလေးတွေအတွက် စိတ်ပူရတယ်။ မိန်းကလေးလည်း မိန်းကလေးအလျောက်၊ ယောကျ်ားလေးလည်း ယောကျ်ားလေးအလျောက် ပူရတာပါပဲ။ ဒီအရွယ်တွေဆိုတာ အရွယ်ကောင်းလေးတွေလေ။ ရန်များဖြစ်မလား၊ အဖမ်းခံရမလား၊ ဘာများဖြစ်မလဲ ဆိုပြီးတော့ပေါ့။"*

**- AA (ကျပန်း) -**

ကြွေးမြီနှင့်ပတ်သက်၍ ၂၃-ဦး (၃၈%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟုဖော်ပြပြီး ၃၇-ဦး (၆၂%)က များစွာခက်ခဲသည်/အဆိုးရွားဆုံးအခြေအနေ ကြုံရသည်ဟုဖြေဆိုသည်။ ပျမ်းမျှအားဖြင့် အဆင့်(၃)-ကြွေးမြီပြဿနာများစွာရှိသည်ဟု တွေ့ရှိရသည်။ မှတ်ချက်များအတွင်း အကြွေးမဆပ်နိုင်၊ အကြွေးသံသရာလည်နေသည်၊ ဘောက်သမား/ကျပန်းဖြစ်သည့်အတွက် ပုံမှန်ဝင်ငွေမရှိပါ၊ ဝင်ငွေနည်းသည်၊ ဝင်ငွေ-ထွက်ငွေမမျှပါ၊ စားဝတ်နေရေးကြပ်တည်းသည်၊ ထောင်ဝင်စာပို့ရန်အတွက် ချေးငှားရသည်ဟူ၍ ပါဝင်သည်။

*"ဝင်ငွေနည်းပြီး ကုန်ဈေးနှုန်းတွေကလည်း ကြီးလာတော့ ပိုပြီးချွေတာရတယ်။ ဖြစ်အောင်စား၊ စားလို့အဆင်ပြေရင်ပြီးရောဆိုတဲ့ပုံစံလုပ်နေရတာ။ အကြွေးလည်း တင်တာပေါ့။ အရင်က ကိုယ့်အိမ်နဲ့ကိုယ်နေတာ။ အကြွေးတော်တော်များများတင်လို့ အိမ်ရောင်းပြီးဆပ်တာတောင်မှ မကျေဘူး။ အခု မိဘအိမ် ပြန်ပြောင်းနေရတယ်။"*

**- ATDN (အိမ်ရှင်မတစ်ဦး) -**

အကြွေး နည်းနည်းပါးပါးရှိတယ်။ ပြန်မဆပ်နိုင်သေးလို့ အတိုးသတ်ထားရတာတွေ ရှိတယ်။ ကလေးလည်းရှိ၊ အကြွေးလည်းရှိဆိုတော့ စိတ်တော့ ညစ်တာပေ့ါ။ လကုန်ရင် ပိုညစ်တယ်။ ကိုယ်ကပဲ အိမ်မှာ ဝယ်ရခြမ်းရတာလေ။ ရှိတဲ့ငွေနဲ့ ဝယ်ရမယ့် ပစ္စည်းနဲ့က သိပ်မလောက်ဘူးပေ့ါ။ လစာထုတ်တိုင်း စိတ်ဆင်းရဲနေရသလိုပေ့ါ။

**- AYM (အိမ်ရှင်မတစ်ဦး) -**

*"အမျိုးသားကလည်း အလုပ်ရှာမရသေးတော့ ဝင်ငွေက မလောက်ငှဘူး။ အတိုး သတ်ရတဲ့ အကြွေးလည်း ရှိတယ်။ ဟင်းစားဖို့၊ ဆန်လိုမျိုး လကုန်ပေး ယူရတဲ့ အကြွေးမျိုးလည်းရှိတယ်။ ခင်မင်နေတဲ့အစ်မတစ်ယောက်က ဈေးနည်းနည်းတင်ပြီး အကြွေးရောင်းပေးတာပေါ့။ "*

**- NDSY (စက်ရုံဝန်ထမ်း) -**

သွားလာရေးနှင့်ပတ်သက်၍ ၅၂-ဦး (၈၇%)က ပြဿနာမရှိ/ပြဿနာအနည်းငယ်သာရှိသည်ဟုဖော်ပြပြီး ၆-ဦး (၁၀%)က များစွာခက်ခဲသည်/အဆိုးရွားဆုံးအခြေအနေ ကြုံရသည်ဟုဖြေဆိုသည်။ ပျမ်းမျှအားဖြင့် အဆင့်(၂)-သွားလာရေးတွင် အခက်အခဲအနည်းငယ်ကြုံရသည်ဟု တွေ့ရှိရသည်။ သွားလာရေးနှင့် ပတ်သက်၍ သီးခြားမှတ်ချက်များကို မတွေ့ရပါ။ ရေ/မီးရရှိမှုနှင့်ပတ်သက်၍ ၄၇-ဦး(၇၈%)က ပြဿနာမရှိ/ ပြဿနာအနည်းငယ်သာရှိသည်ဟုဖော်ပြပြီး ၁၂-ဦး (၂၀%)က များစွာခက်ခဲသည်/အဆိုးရွားဆုံးအခြေ အနေ ကြုံရသည်ဟုဖြေဆိုသည်။ ပျမ်းမျှအားဖြင့် အဆင့် (၂)-ရေ/မီးရရှိမှုအနည်းငယ်ခက်ခဲသည်ဟု တွေ့ရှိ ရသည်။ မီးမမှန်သည့်အတွက် ရေဝယ်သုံးနေရသည်၊ မီတာမဆောင်နိုင်၍ မီးဖြတ်ခံရသည်၊ ရေ/မီးအခက် အခဲများရှိနေသည်ဟူသည့် မှတ်ချက်များကိုလည်း တွေ့ရှိရပါသည်။

အကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ ၅၆-ဦး (၉၃%) နှင့် ၅၁-ဦး (၈၅%) က အိမ်တွင်းနှင့် အိမ်ပြင်ပတွင် ပြဿနာမရှိပါ (သို့) ပြဿနာအနည်းငယ်သာရှိသည်ဟု အသီးသီးဖော်ပြထားသည်။ ပါဝင်ဖြေဆိုသူ ၁-ဦး (၂%)နှင့် ၄-ဦး (၇%) ကမူ အိမ်တွင်းအကြမ်းဖက်မှုနှင့် အိမ်ပြင်ပ အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများစွာ ရှိ နေသည် (သို့မဟုတ်) အဆိုးရွားဆုံးအခြေအနေကြုံနေရသည်ဟု ဖြေဆိုထားသည်။ ပျမ်းမျှအားဖြင့် တွက်ချက်ရာတွင် အဆင့်(၁)-အကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ ပြဿနာမရှိ/ ပြဿနာအနည်းငယ်သာ ရှိ သည်ဟု တွေ့ရှိရပြီး သီးခြားမှတ်ချက်များကိုလည်း မတွေ့ရှိရပါ။

*"လွန်ခဲ့တဲ့ (၁)လလောက်ကတော့ ဖုန်းအလုခံရတယ်။ ဖုန်းပဲ ပါသွားပြီး လူအန္တရာယ်မဖြစ်လို့ တော်သေးတယ်ပဲ စိတ်ထဲမှာဖြေရတယ်။ သူက (အမျိုးသားက) စက်ဘီးနဲ့သွားတာ၊ ဟိုက ဆိုင်ကယ်နဲ့။ ဘယ်မှလည်း တိုင်လို့မရဘူး။"*

**- AYM (အိမ်ရှင်မတစ်ဦး) -**

*"အပြင်ထွက်တော့လည်း ကြည့်ကျက်ပြီးသွားရတာပဲ။ အခု ကားပေါ်မှာ ဓါးပြတိုက်တာတို့ ဘာတို့၊ တပ်တွေနားမှာတွေ့လို့ စစ်ဆေးတာတို့၊ ရပ်ကွက်ထဲ ဧည့်စာရင်းစစ်တာတို့လည်း စိုးရိမ်ရတာပဲ။ အိမ်ခေါင်မိုးပေါ် သူခိုးတက်ပြေးလို့ စစ်သားတွေက နောက်ကလိုက်ပြီး သေနတ်နဲ့လှမ်းပစ်တာမျိုးလည်း ကြုံဖူးတယ်။ ကလေးနှစ်ယောက်အိပ်နေတုန်းပစ်တာ။ သွပ်တွေဘာတွေ အကုန်လုံးပေါက်ပြဲကုန်ရော။ ကျွန်မတို့ကိုလည်း ဆဲဆိုကြိမ်းမောင်းသွား တယ်။ အဲ့ဒီအချိန်တုန်းကတော့ တော်တော်ကြီးကို ကြောက်တာ။"*

**- KKO (အိမ်ရှင်မ) -**

**ဖြေဖျောက်ခြင်း။** ။ မလုံခြုံမှု၊ စိုးရိမ်ထိန့်လန့်မှု၊ မရေရာမှုများအပါအဝင် စိတ်ပိုင်းဆိုင်ရာအခက်အခဲများ၊ ပြဿနာများအတွက် ဘာသာရေးဖြင့် (သို့) ဘုရားတရားလုပ်၍သော်လည်းကောင်း ဖြေဖျောက်သည်၊ စိတ်ကိုငြိမ် အောင်ထား၍ဖြေရှင်းသည်၊ အပြင်ထွက်လည်သည်၊ အလည်သွားသည်၊ မိတ်ဆွေများနှင့် စကားပြောသည်၊ ကလေး များနှင့်အချိန်ပေးသည် (သို့) ကလေးများအား ဆူငေါက်သည်၊ သီချင်းဆို၍ ဖြေဖျောက်သည်၊ အိပ်ခြင်းဖြင့် (သို့) တီဗီ/ဟာသကားကြည့်၍ ဖြေဖျောက်သည်၊ ကံကိုပုံချသည် ဟူ၍ စိတ်ဖြေဖျောက်သည့် ပုံစံအသီးသီးကို ဖော်ပြကြ ပါသည်။

## (င) မျှော်လင့်ချက်များ

လာမည့်ကာလအတွက် မျှော်လင့်ချက်များနှင့် ထင်မြင်ချက်များတွင် ပို၍ကောင်းမွန်လာမည်၊ ပို၍အဆင်ပြေလာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြကြသူများရှိသကဲ့သို့ ပိုကောင်းလာမည်ဟု မမျှော်လင့်ကြသူများလည်းရှိနေသည်။

*"အခုထိတော့ ကိုယ်ယုံကြည်ရာ ရပ်တည်ခဲ့တယ်ပေ့ါနော်။ အကောင်းဆုံးကို မျှော်လင့်ပြီးနေရတာပဲ။ အရင်အစိုးရ ပြန်တက်လာရင်တော့ ဒီထက်ကောင်းလာဖို့ပဲရှိမယ်၊ ဆုတ်ယုတ်ဖို့တော့ မမြင်ဘူးပေ့ါ။ ဒါပေမယ့် အရမ်းကြီးတော့ မြန်မယ်မထင်ဘူး။ ရတာတော့ရမှာပါ။ ကြားထဲမှာတော့ ဒီထက်ဆိုးတဲ့ အခြေအနေလည်း ခံရင်ခံရဦးမှာပေ့ါ။ ယုံကြည်ချက်အတိုင်းတော့ ဖြစ်လာမှာပါ။"*

**- TZ (အာဏာဖီဆန်ရေးလှုပ်ရှာမှုတွင်ပါဝင်သူ) -**

နောက်လာမယ့် ၂-နှစ် ၃-နှစ်ကာလတွေမှာ ပြောင်းလဲမယ်လို့တော့ မျှော်လင့်ရတာပဲ။ မပြောင်းလဲရင်တော့ ရှာပြန်နေမှာပေ့ါ။ လုပ်ငန်းကိုင်ငန်းအခြေအနေ ဒီလိုချည်းပဲ သွားနေရင်တော့ အဆင်မပြေဘူးလေ။ ရှာမှုကျတော့ အလုပ်မရှိပေမယ့် အကြွေးမများဘူး။ လုပ်ငန်းကိုင်ငန်းအခြေအနေရော၊ နိုင်ငံရေးအခြေအနေရော ဒီအတိုင်းပဲ သွားမလား မသိပါဘူး၊ သိပ်တော့မမျှော်လင့်ဘူးပေ့ါ။

**- NDSY (စက်ရုံဝန်ထမ်း) -**

*"သွားရေးလာရေးတွေ နေတာထိုင်တာတွေက ဘယ်လိုမှကိုအဆင်မပြေတာလေ။ လွတ်လပ်မှုဆိုတာ မရှိဘူး။ ဟိုတလောတုန်းကလည်း ဆိုင်ကယ်တွေဘာတွေ ဖမ်းတာဆီးတာတွေနဲ့ ပိုပြီးတော့ ခက်ခဲလာတယ်။ သူတို့ ဒီလိုပုံစံ ဒီလိုအုပ်ချုပ်မယ်ဆိုရင်တော့ ကောင်းလာဖို့မရှိဘူး။ တဖြည်းဖြည်းချင်း ဆုတ်ယုတ်၊ ယုတ်လျော့လာမှာပဲ။"*

**- ATDN (အိမ်ရှင်မတစ်ဦး) -**

*"ဒီလိုကြပ်ကြပ်တည်းတည်းနေရတဲ့အခါကျတော့ နောက်လာမယ့် ၂-နှစ် ၃-နှစ်လောက်ဆိုရင်လည်း ပိုကောင်းလာမယ်လို့ မမြင်ပါဘူး။ ဒီပုံစံကြီးနဲ့ ဘယ်လိုလုပ်ကောင်းနိုင်မှာလဲ။ သိပ်တော့ မျှော်လင့်မထားဘူး။ မသေသေးသရွေ့ကတော့ ဒီလိုပါပဲ။ အခုလို စားသောက်နေရတော့ အိုးပိုင်အိမ်ပိုင်လည်း ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ မနက်/ညလေး ပြေလည်အောင် စားနေရရင်ပဲ၊ ကြွေးမြီလေးပြေလည်ရင်ပဲ အသက်ရှူရတာ ဟုတ်တယ်မလား။ အိမ်ပိုင်ယာပိုင်ဆိုတာ ဘယ်လိုမျှော်မှန်းမလဲ။"*

**- DKSN -**

*"အခြေအနေက ပြောရတာတော့ ခက်တယ်။ သူတို့ကလည်း သူတို့ခန္ဓာကိုယ်ကိုမထိမချင်းသတ်နေမှာပဲ။ ကျွန်မတို့အတွက်လည်း ဒါကြီးကိုဖြိုဖို့ဆိုတာကလည်း မလွယ်တဲ့ဟာ။ သံရေးတမန်ရေးအရ NUG အစိုးရသာ လျှင် အစိုးရဖြစ်ပါသည်ဆိုတဲ့ကြေငြာချက်တစ်ခုကို ကမ္ဘာကအသိအမှတ်ပြုရင် ကျွန်မတို့ အားရှိမယ့်အနေအထား။ အခု ပြိုင်ပွဲတစ်ခုလို ဆော်နေပြီး အရင်းအမြစ်တွေပြုတ်တာကိုလည်း ကျွန်မတို့ကမလိုလားပါဘူး။ ကျွန်မစိတ်အရဆိုရင် ငါ့ကိုမကြိုက်ရင် ငါ့ကိုဖယ်ယုံပဲ။ ဒါသတ္တိရှိတဲ့သူတွေအလုပ်။ သံရေးတမန်ရေးအရ နိုင်ပြီးမြန်မြန်လေး ငြိမ်းချမ်းချင်ပါတယ်။"*

**- KKT (အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူ) -**

# ခြုံငုံသုံးသပ်ချက်များ

၂၀၂၁-ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြို့ပြဆင်ခြေဖုံးများရှိ မိသားစုဝင်ငွေရှာအမျိုးသမီးများနှင့် အခြေခံမိသားစုများ၏ လူမှုစီးပွားအကျိုးဆက်များ ဆန်းစစ်ခြင်းတွင် ပါဝင်ဖြေဆိုသူအများစုမှာ စက်ရုံအလုပ်သမားများ၊ ကျပန်းများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုပြုနေသည့် (CDM) ဝန်ထမ်းများပါဝင်သည်။ ပါဝင်ဖြေဆိုသူများ၏ ၃၃% (၂၀-ဦး) သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြသည်။ ပျမ်းမျှမိသားစုဝင်ဦးရေမှာ ၃-ဦးဖြစ်ပြီး မိသားစုတစ်စုလျှင် ပျမ်းမျှအလုပ်လုပ်သူ (ဝင်ငွေရအလုပ်လုပ်သူ) ၁-ဦးဖြစ်သည်။ သို့သော် အလုပ်လုပ်သူနှင့် မိသားစုဝင်ဦးရေပျမ်းမျှအချိုးမှာ ၃-အချိုး-၈ (၃:၈) ဖြစ်သည့်အတွက် လူ(၈)ဦးတွင် (၃)ဦးသာ ဝင်ငွေရအလုပ်လုပ်နေခြင်းဖြစ်သည်။

အိမ်ထောင်စုအများစုတွင် (၆၀%) ဝင်ငွေရလမ်းတစ်ခုသာရှိပြီး တစ်လပျမ်းမျှဝင်ငွေမှာ ၂၀၈,၈၆၀ ကျပ် (အမေရိကန်ဒေါ်လာ ၉၉-ဒေါ်လာ)[1] ဖြစ်သည်။ အဆိုပါပမာဏကို တစ်နေ့ဝင်ငွေရရှိနိုင်ရန် တွက်ချက်ပါက ၂.၆၉-ဒေါ်လာမှ ၃.၈၁-ဒေါ်လာအထိတွေ့ရှိရသည်။ ၎င်းသည် ကမ္ဘာ့ဘဏ်က ၂၀၂၂-ခုနှစ် စက်တင်ဘာတွင် ပြင်ဆင်ထုတ်ပြန်သည့် အလွန်အမင်းဆင်းရဲမွဲတေမှုမျဉ်းမှ လွတ်ကင်းရုံသာဖြစ်သည်[2]။

စက်ရုံအလုပ်သမားများအတွက်မူ အဆိုပါဆင်းရဲမွဲတေမှုမျဉ်းမှ လွတ်ကင်းနိုင်ခြင်းမရှိကြပါ။ စက်ရုံအလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာသည် တစ်ရက်လျှင် မြန်မာငွေ ၄,၈၀၀-ကျပ်ဖြစ်ပြီး ၎င်းသည် ၂၀၁၈-ခုနှစ်ကတည်းက သတ်မှတ်ချက်ဖြစ်သည်။ အဆိုပါ ၄,၈၀၀-ကျပ်ကို စတင်သတ်မှတ်ခဲ့စဉ်က အမေရိကန်ဒေါ်လာ ၃.၆-ဒေါ်လာ[3] တန်ဖိုးရှိခဲ့သော်လည်း ယခုအခါ မြန်မာကျပ်ငွေ၏ ငွေကြေးဖောင်းပွမှုကြောင့် ၂-ဒေါ်လာဝန်းကျင်သာ (၁.၆-ဒေါ်လာမှ ၂.၃-ဒေါ်လာအတွင်း) ရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ မူရင်းလုပ်ခလစာကို ဆက်လက်ရရှိနေသည့်တိုင် သုံးစွဲရသည့်တန်ဖိုးမှာ ယခင်ကထက် ထက်ဝက်ခန့်သာရှိတော့သည်။ ထို့အပြင် ယခင်က မူရင်းလစာနှင့် အချိန်ပိုကြေး (OT ကြေး)အပြင် အခြားခံစားခွင့်များပေါင်းမှသာ အတန်အသင့် အဆင်ပြေနိုင်ခြင်းဖြစ်သည်။ ယခုအခြေအနေတွင် စက်ရုံအလုပ်အော်ဒါများနည်းပါးသွားခြင်း (သို့) ရပ်ဆိုင်းသွားခြင်းများကြောင့် အချိန်ပိုဆင်းရခြင်း၊ အချိန်ပိုကြေးပေးခြင်းများမရရှိတော့ပေ။

တစ်ဆက်တည်းမှာပင် စက်ရုံအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရွေးချယ်နိုင်မှုလွန်စွာနည်းပါးပြီး အလုပ်ခွင်အတွင်း အခွင့်အရေးချိုးဖောက်ခံနေရသည်။ သို့သော်လည်း အခြားအလုပ်အကိုင်ပြောင်းရွှေ့နိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အခွင့်အရေးချိုးဖောက်မှုများအတွက် ကူညီဖြေရှင်းပေးမည့် အဖွဲ့အစည်းများ၊ အခြေအနေများ မရှိတော့သည့်အတွက် လက်ရှိအလုပ်တည်မြဲနိုင်ရန်ပင် ကြိုးစားနေကြရသည်။

1 ၂၀၂၂-ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့အတွက် www.xe.com မှ ရည်ညွှန်းငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၂,၁၀၀-ကျပ် ဖြစ်သည်။ လက်တွေ့တွင်မူ တရားမဝင်ငွေလဲဈေးကွက်ကိုသာ အကန့်အသတ်များဖြင့် အသုံးပြုနေရပြီး တစ်ဒေါ်လာလျှင် မြန်မာငွေ ၃,၀၀၀-ကျပ်ဝန်းကျင် ရှိနေသည်။ တရားမဝင်ဈေးကွက်နှုန်းထားဖြင့် တွက်ချက်ပါက တစ်လပျမ်းမျှဝင်ငွေမှာ ဒေါ်လာ-၇၀ ဖြစ်သည်။

2 ကမ္ဘာ့ဘဏ်က သတ်မှတ်ချက်အရ လူတစ်ဦး တစ်နေ့သုံးစွဲနိုင်မှုသည် တစ်ရက်လျှင် ၂.၁၅ ဒေါ်လာအောက်ဖြစ်ပါက အလွန်အမင်းဆင်းရဲမွဲတေမှုမျဉ်းအောက်ရောက်နေသည်ဟု ဆိုနိုင်သည်။ https://www.worldbank.org/en/news/factsheet/2022/05/02/fact-sheet-an-adjustment-to-global-poverty-lines#11

3 အနိမ့်ဆုံးလုပ်ခလစာ တစ်ရက်လျှင် ၄,၈၀၀-ကျပ် စတင်အသက်ဝင်သည့် ၂၀၁၈-ခုနှစ် မေလ(၁၅)ရက်နေ့ ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၁,၃၃၃-ကျပ်ဖြစ်သည်။ www.xe.com

ကျပန်းအလုပ်သမားများအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများရပ်ဆိုင်းခြင်း၊ မတိုးချဲ့နိုင်တော့ခြင်းအပြင် လူအများစု၏ အလုပ်အကိုင်အဆင်မပြေမှုများကြောင့် အလုပ်ပေးနိုင်မှု/ အလုပ်ရနိုင်မှု နည်းပါးသွားသည်။ အလုပ်လုပ်လိုသူထက် အလုပ်အကိုင်အခွင့်အလမ်းက ပိုနည်းသဖြင့် တစ်လလျှင် ၁၅-ရက်ပင် အလုပ်မရှိတော့ပေ။ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်သည့် ဝန်ထမ်းများသည်လည်း အဆိုးဆုံးအခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ အများစုတွင် ဝင်ငွေရနိုင်သော အလုပ်မရှိကြပေ။ မိမိကျွမ်းကျင်တတ်မြောက်သည့်ပညာဖြင့် လုပ်ကိုင်စားသောက်နိုင်ရန် မလွယ်ကူပေ။ အလုပ်ရှင်များ၏ စိုးရိမ်ကြောက်ရွံ့မှုကြောင့် အလုပ်အသစ်ရရှိရန်ခက်ခဲသကဲ့သို့၊ မိမိတိမ်းရှောင်နေသောနေရာသည် မိမိကျင်လည်ရာဒေသမဟုတ်သည့်အတွက် လွတ်လပ်စွာ သွားလာလုပ်ကိုင်နိုင်ရန် အဟန့်အတားရှိခြင်းများကိုလည်း ကြုံတွေ့ကြရသည်။ အသုံးစရိတ်အတွက် ပိုင်ဆိုင်မှုများကို ထုခွဲရောင်းချခြင်း၊ မိဘနှင့် မိတ်ဆွေအနည်းငယ်ထံမှ အကူအညီတောင်းခြင်း၊ ချေးငှားခြင်း စသဖြင့် ရပ်တည်ဖြေရှင်းနေရသည်။ အခြားသော အကူအညီအထောက်အပံ့များ လုံးဝမရရှိပေ။

အလုပ်လက်မဲ့ဖြစ်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ပုံမှန်အလုပ် (သို့) ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းခြင်းများသည် ပြဿနာအသစ်များ မဟုတ်သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပို၍ဆိုးဝါးလာလျက်ရှိသည်။ အာဏာသိမ်းမှုနှင့်ဆက်နွယ်၍ ဘဏ်စနစ်များနှင့် မြန်မာကျပ်ငွေအပေါ်ယုံကြည်မှုကျဆင်းလာပြီးနောက် ငွေသားရှားပါးမှု၊ အလွန်အမင်းငွေကြေးဖောင်းပွမှု၊ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုများက အခြေခံစားသောက်ကုန်များနှင့် ဆေးဝါးများ၏ ဈေးနှုန်းများကို ၃-ဆမှ ၄-ဆအထိ ထိုးတက်စေခဲ့သည်။ ဆိုလိုသည်မှာ လက်လုပ်လက်စားနှင့် အခြေခံမိသားစုများအတွက် အစားအစာနှင့် ဆေးဝါးများဝယ်ယူရန်၊ လက်လှမ်းမီနိုင်ရန် ခက်ခဲသွားစေခြင်းပင်ဖြစ်သည်။ ဈေးနှုန်းသက်သာစွာဖြင့် အခြေခံစားသောက်ကုန်များရောင်းချပေးခြင်း၊ တန်ဖိုးနည်းနေ့လည်စာများ ရောင်းချပေးခြင်း၊ အစားအစာ လှူဒါန်းမှုများ ပြုလုပ်ပေးခြင်း စသည့် "ပြည်သူမှ ပြည်သူသို့" အချင်းချင်းကူညီဖေးမသည့် အစီအစဉ်များသည် မြို့ပြဆင်းရဲသား၊ လက်လုပ်လက်စားများနှင့် အခြေခံအလုပ်သမားများအတွက် အလွန်အထောက်အကူဖြစ်စေသည်။ အဆိုပါအစီအစဉ်များ၏ လွှမ်းခြုံနိုင်မှုနှင့် ရေရှည်တည်မြဲမှုတို့မှာမူ အကန့်အသတ်များစွာ၊ စိန်ခေါ်မှုများစွာရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ အစားအစာကို ပြည်သူများလက်လှမ်းမီရန် ခက်ခဲလာနေခြင်းသည် နိုင်ငံ၏အင်္ဂတ်ဘေးသို့ ဦးတည်နေခြင်းပင်ဖြစ်သည်။

ရှန်းကန်ရှာဖွေရရှိလာသည့် လုပ်ခဝင်ငွေများ တန်ဖိုးကျဆင်းလာပြီး ကုန်ဈေးနှုန်းမြင့်မားလာမှုတို့ကြောင့် စားဝတ်နေရေးပိုမိုကြပ်တည်းလာရသည်။ အသုံးစရိတ်များကို ဖြစ်နိုင်သမျှလျှော့ချခြင်းဖြင့် ထမင်းနပ်မှန်ရန်ပင် မတတ်နိုင်ကြသည့်မိသားစုများ များပြားလာသည်။ လျှော့ချရန်မဖြစ်နိုင်သည့် အသုံးစရိတ်များတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ကုန်ကျစရိတ်က နေရာယူထားသည်။ စစ်တမ်းဖြေဆိုသည့် မိသားစုများမှ ၆၅% (၃၉-ဦး) နှင့် ဖြစ်ရပ်လေ့လာမှုတွင်ပါဝင်သည့်မိသားစု ၅၀% (၅-ဦး) တွင် ကျန်းမာရေးအတွက် အထူးဂရုစိုက်နေရသူ (သို့) နာတာရှည်ရောဂါသည် အနည်းဆုံးတစ်ဦးစီ ရှိနေသည်။ ဖြစ်ရပ်အားလုံးတွင် ရောဂါအမြစ်ပြတ်သည်အထိ ကုသနိုင်ခြင်းမရှိပဲ သက်သာရုံအတွက်သာ ဆေးဝယ်သောက်နေရခြင်းဖြစ်သည်။

ဝင်ငွေရှာဖွေနိုင်ရန် (သို့) ဝင်ငွေတိုးလာရန်ခက်ခဲသကဲ့သို့ အသုံးစရိတ်ကြီးမားလာသည်မှာလည်း သေချာနေသည်ဖြစ်ရာ အကြွေးနွံများ နစ်သထက်နစ်လာကြသည်။ စားဝတ်နေရေးလိုအပ်ချက်များ၊ ကျန်းမာရေးအသုံးစရိတ်များအပါအဝင် ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် ရရာနေရာမှ ရသရွေ့ချေးငွေများဖြင့် ဖြေရှင်းနေကြရသည်။ ချေးငွေနှင့် အတိုး၏ ဖိစီးမှုကို ခါးသီးစွာခံစားရသော်လည်း အခြားရွေးချယ်ရန်မရှိဘဲ

အကြွေးသံသရာလည်နေကြသည်။ အထူးသဖြင့် မိသားစုအတွင်း စားဝတ်နေရေး၊ ငွေကြေးအပါအဝင် အစစအရာရာ စီမံခန့်ခွဲနေရသည့် အမျိုးသမီးများအတွက် ပိုမိုကြီးလေးသည့်ဝန်ထုပ်ဝန်ပိုးများ ဖြစ်သည်။ ဝင်ငွေ-ထွက်ငွေမညီမျှမှု၊ အကြွေးနွံနစ်မှုမှတဆင့် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်စေသည့် အကြောင်းရင်းခံများအဖြစ်ပါ ကြုံတွေ့ကြရသည်။

မိသားစုတွင်းဖိအားများတွင် ပါဝင်ဖြေဆိုသည့် အမျိုးသမီးများကိုယ်တိုင်နှင့် ၎င်းတို့၏သားသမီးများအတွက် ပညာရေးလည်းပါဝင်သည်။ ၂၀၁၇-ခုနှစ်တွင် အတည်ပြုခဲ့သည့် လူငယ်ရေးရာမူဝါဒအရ[4] လူငယ်သတ်မှတ်ချက်ကို အသက်(၁၅)နှစ်မှ (၃၅)နှစ်ထိ အသက်အပိုင်းအခြားကို သတ်မှတ်ထားသည်။ သို့ဖြစ်ရာ စစ်တမ်းအတွင်း လူငယ်အမျိုးသမီး ၂၁-ဦး (၃၅%) နှင့် ဖြစ်ရပ်လေ့လာမှုအတွင်း လူငယ်အမျိုးသမီး ၅-ဦး (၅၀%) ပါဝင်ဖြေဆိုခဲ့သည်။ စစ်တမ်းသုတေသနပြုလုပ်စဉ်အတွင်း ပါဝင်ဖြေဆိုသူများ၏ ပညာရေးဆိုင်ရာ အခြေအနေများကို သိရှိနိုင်ရန် သီးခြားမေးခွန်းများ မပါဝင်သော်လည်း စစ်တမ်းဖြေဆိုသူ လူငယ်အမျိုးသမီး ၈၁% (၁၇-ဦး) နှင့် ဖြစ်ရပ်လေ့လာမှုမှ လူငယ်အမျိုးသမီး ၈၀% (၄-ဦး) မှာ ၎င်းတို့ သားသမီးများ၏ ပညာရေးအတွက် ဖြေဆိုပြောကြားမှုများကို လက်ခံရရှိပါသည်။ တွေ့ရှိချက်များအရ ဖြစ်ရပ်လေ့လာမှုမှ လူငယ်အမျိုးသမီးတစ်ဦးအပါအဝင်[5] ပါဝင်ဖြေဆိုသူမိသားစုများမှ အခြေခံပညာကျောင်းနေအရွယ် (သို့) တက္ကသိုလ်အရွယ် ကလေးများအားလုံးတွင် ပညာရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။

ပညာရေးဆိုင်ရာပြဿနာများမှာလည်း အာဏာသိမ်းမှုနှင့်တိုက်ရိုက်ဆက်နွယ်ခြင်းပင်ဖြစ်သည်။ ပြည်သူများက အာဏာသိမ်းမှုကိုလက်မခံဘဲ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေး (တက္ကသိုလ်များ) နှစ်ခုလုံးအားဆန့်ကျင်ကာ ကျောင်းဆက်လက်မတက်ခြင်း (သို့) ကလေးများအား ကျောင်းမပို့တော့ခြင်း ဖြစ်သည်။ တဆက်တည်းမှာပင် အွန်လိုင်းမှ သင်ကြား/သင်ယူနိုင်သည့်ပုံစံအသီးသီးဖြင့်လည်းကောင်း၊ ကျောင်းပြင်ပပညာရေးနှင့် ကျွမ်းကျင်သင်တန်းပုံစံများဖြင့်သော်လည်းကောင်း ပုံစံအသစ်များဖြင့် ဖန်တီးအားပေးနိုင်ရန်လည်း ကြိုးစားလာကြသည်။ သို့ပါသော်လည်း မြို့ပြဆင်ခြေဖုံးဒေသများရှိ လက်လုပ်လက်စား၊ အခြေခံမိသားစုများမှ ကလေးများ၊ လူငယ်များ လက်လှမ်းမီနိုင်ရန်မှာ အလှမ်းဝေးနေဆဲဖြစ်သည်။ အထူးသဖြင့် စားဝတ်နေရေးကြပ်တည်းလျက်ရှိပြီး အကြွေးသံသရာနစ်နေကြသည့် မိသားစုများ၏ ပညာရေးမျှော်မှန်းချက်အတွက် (အထူးသဖြင့် မူလတန်းနှင့် အလယ်တန်းအရွယ် ကလေးများ) လက်တကမ်းမှ အခြေခံပညာကျောင်းများတွင် တစ်တန်းပြီးတစ်တန်း ပြီးမြောက်သွားရန်သာဖြစ်သည်။ အထက်တန်းအရွယ်ကလေးများနှင့် တက္ကသိုလ်တက်ရောက်နေဆဲ လူငယ်အများစုမှာမူ ပညာရေးတပိုင်းတစနှင့် ရှင်သန်ရပ်တည်နိုင်ရန် ရုန်းကန်ကြရတော့သည်။ ကိုဗစ်ရောဂါပြန့်ပွားခြင်းကိုထိန်းချုပ်ရန် အကြောင်းပြချက်ဖြင့် ကျောင်းများပိတ်ထားခဲ့ရသည့်ကာလနှင့်ပေါင်းပါက ကလေးများနှင့် လူငယ်များအတွက် ပုံမှန်ပညာရေးစနစ်နှင့် ဝေးခဲ့ရသည်မှာ ၃-နှစ်ကျော်ပြီဖြစ်သည်။

အခြားတစ်ဖက်တွင်မူ စစ်အာဏာရှင်၏ ဖိအားပေးမှုဖြင့် ကျောင်းများ၊ တက္ကသိုလ်များအား ဖွင့်လှစ်စေရန် ကြိုးပမ်းကြခြင်း၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သည့် (CDM) ဝန်ထမ်းများနေရာတွင် အချိန်တိုအတွင်း အလွယ်တကူအစားထိုးနိုင်ရန် ကြိုးပမ်းကြခြင်းများလည်းရှိနေသည်။ အဆိုပါအခြေအနေသည် CDM ပြုလုပ်သူ ကျောင်းသား/သူများနှင့် ဝန်ထမ်းများ၊ ၎င်းတို့၏အနာဂတ်အတွက် စိုးရိမ်ပူပန်ရမှုများကို

4 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - လူငယ်ရေးရာမူဝါဒ (၂၀၁၇-ခုနှစ်၊ နိုဝင်ဘာလ)။ https://www.dsw.gov.mm/sites/default/files/ebooks-download/Youth%20Policy.pdf

5 NDSY – ၂၄-နှစ်၊ အဝေးသင် တတိယနှစ်၊ စက်ရုံဝန်ထမ်း။

ပိုမိုမြင့်တက်စေသည်။ လုံခြုံဘေးကင်းရေးနှင့် လတ်တလော ရှင်သန်ရပ်တည်ရေးအတွက် ပူပန်နေရရုံ သာမက ရေရှည်ဘဝအတွက်လည်း စိန်ခေါ်မှုများ ကြုံတွေ့လာရခြင်းဖြစ်သည်။

လုံခြုံဘေးကင်းရေးအတွက် စိုးရိမ်ပူပန်ရခြင်း၊ ရှင်သန်ရပ်တည်ရေးအတွက် ပူပန်နေရခြင်း၊ အကြွေးပူခြင်း များအပြင် ပိုမိုကျယ်ပြန့်များပြားလာသည့် အကြမ်းဖက်မှုများ၊ လုယက်မှုများ၊ ရာဇဝတ်မှုများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ စိတ်ဓါတ်ကျဆင်းမှုများဆီသို့ တွန်းပို့လျက်ရှိသည်။ ဖိအားအမျိုးမျိုးကြောင့် မိမိကိုယ်ကိုအဆုံးစီရင်ရန် ကြိုးပမ်းသူနှင့် အဆုံးစီရင်သွားခဲ့သူဦးရေ ပိုမိုများပြားလာကြောင်း၊ ၂၀၂၁-ခုနှစ် အာဏာသိမ်းချိန်မှ ၂၀၂၂-ခုနှစ် စက်တင်ဘာလအထိတွင် မိမိကိုယ်ကို အဆုံးစီရင်၍ သေဆုံးသူ ၄၄-ဦး (အမျိုးသား ၃၀-ဦး၊ အမျိုးသမီး ၁၄-ဦး) ရှိကြောင်း သိရှိရသည်[6]။ စိတ်ဖိစီးမှုများ၊ စိတ်ဓါတ်ကျမှုများနှင့် နေ့စဉ်ဘဝကြပ်တည်းမှုများကို ဖြေဖျောက်ရန်အတွက် လက်လှမ်းမီသမျှ ထွက်ပေါက်ရှာကြရာ၌လည်း ချဲ၊ နှစ်လုံးထီ စသည့် လောင်းကစားများက ငွေယိုစိမ့်စေသည့် စိတ်ထွက်ပေါက်များ ဖြစ်လာသည်။

မည်သို့ပင် ဖိအားများ၊ ဖိနှိပ်မှုများ ပြင်းထန်သည်ဖြစ်စေ၊ မြို့ပြဆင်ခြေဖုံးများရှိ မိသားစုများစွာမှာ ပုံစံအမျိုး မျိုးဖြင့် ဆက်လက်ရှန်းကန်နေကြသည်။ အဆိုးဆုံးများ ဆက်လက်ကြုံရဦးမည်ဟု မှန်းဆထားသူများရှိကြ သကဲ့သို့၊ ရှေ့ရေးနှင့် အနာဂတ်အတွက် အကောင်းဆုံးကို မျှော်လင့်လျက်ရှိသူများလည်း အများအပြားပင် ဖြစ်သည်။ နိဂုံးချုပ်ရသော် လက်ရှိလူထုတော်လှန်ရေးတွင်လည်းကောင်း၊ အနာဂတ်နိုင်ငံတည်ဆောက် ရေးအတွက်လည်းကောင်း ရှေ့တန်းမှ စွန့်လွှတ်အနစ်နာခံ ပါဝင်လျက်ရှိသည့် လူငယ်နှင့် အမျိုးသမီးများ၊ လက်လုပ်လက်စားနှင့် အခြေခံမိသားစုများ၏ အခန်းကဏ္ဍများကို မမေ့မလျော့ ဂုဏ်ပြုရမည်ဖြစ်သည်။

# အကြံပြုချက်များ

## နောက်ဆက်တွဲ သုတေသနများအတွက် ယေဘုယျအကြံပြုချက်များ

ဤစစ်တမ်းသုတေသနကို အရင်းအမြစ်အကန့်အသတ်များစွာဖြင့်၊ ပါဝင်ဖြေဆိုသူ အနည်းငယ်ဖြင့်သာ ပြုလုပ်ခဲ့ရခြင်းဖြစ်သည့်အပြင် မိသားစုများ၏ အခြေခံလူမှုစီးပွားဘဝများကို ခြုံငုံသိရှိနိုင်ရန်အတွက် ယေဘုယျမေးခွန်းများမှတဆင့် ဖော်ထုတ်ကြည့်ရှုရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၁-အာဏာသိမ်းမှု နောက်ပိုင်း လူမှုစီးပွားအကျိုးဆက်တစ်ခုချင်းအတွက် (စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိတ်ပိုင်း ဆိုင်ရာ စသဖြင့်) ယိုယွင်းထိခိုက်မှုများကို နက်ရှိုင်းစွာ ပိုမိုသိရှိနိုင်ရန်နှင့် ပြန်လည်ကုစားပေးနိုင်ရန် အတွက် သုတေသနများ၊ အစီအစဉ်များကို ဆောင်ရွက်သင့်သည်၊ ထောက်ကူပံ့ပိုးပေးသင့်သည်။

## လက်ငင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ

ကြပ်တည်းမှုများ၊ ဖိအားများမှ သက်သာလာရန်နှင့် သာယာဝပြောသည့် လူမှုဘဝများပြန်လည် ထူထောင် နိုင်ရန်အတွက် အခြေခံအကျဆုံးမှာ လူထုတော်လှန်ရေး အောင်မြင်၍ ပြည်သူ့အာဏာ ပြည်သူ့လက်ဝယ် ပြန်လည်ရရှိရေးဖြစ်သည်။ ထိုသို့ လူထုတော်လှန်ရေးအောင်မြင်နိုင်ရန် ချီတက် နေစဉ်မှာပင် လက်ငင်း တုံ့ပြန်ဆောင်ရွက်ရမည့်ကိစ္စများလည်းရှိနေသည်။

6 Frontier (27 September 2022), “Suicides surge in post-coup Myanmar”, Frontier Myanmar, https://www.frontiermyanmar.net/en/suicides-surge-in-post-coup-myanmar/

- ◆ အခြေခံမိသားစုများနှင့် လူထုအားလုံးအတွက် အစားအစာကို ကျန်းမာဘေးကင်း၍ ဂုဏ်သိက္ခာရှိစွာ ရယူနိုင်ရန် အစီအစဉ်များနှင့် ထောက်ကူပံ့ပိုးမှုများကိုဆောင်ရွက်ခြင်း။
- ◆ နိုင်ငံတကာမှ လှူဒါန်းမှုများအား လိုအပ်သည့်နေရာများထံ အမှန်တကယ်ရောက်ရှိစေရန် ဆောင်ရွက်ခြင်း။ အခြေခံပစ္စည်းများနှင့် စားသောက်ကုန်များ ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချ/ဝယ်ယူနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။ စိုက်ပျိုးသူ-စားသုံးသူတိုက်ရိုက်ထိတွေ့ရောင်းချ/ဝယ်ယူနိုင်ရန် အစီအစဉ်များ ထောက်ကူပံ့ပိုးပေးခြင်း။
- ◆ အစားအစာကို မိမိ၏ ပတ်ဝန်းကျင်တွင်တွင် ရရှိနေစေရန် ပြင်ဆင်ထားရှိခြင်း။ (ဥပမာ - ရပ်ကွက်အတွင်း ရနိုင်သည့်နေရာများတွင် သီးပင်စားပင်များစိုက်ပျိုးခြင်း၊ ဝေငှခြင်း။)
- ◆ စားဝတ်နေရေး၊ ကျန်မာရေး၊ လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများအတွက် ပြည်သူအချင်းချင်း ကူညီဖေးမခြင်း၊ စောင့်ရှောက်ခြင်း။

## ရေရှည်အစီအမံများအတွက် အကြံပြုချက်များ

မြို့ပြဆင်းရဲသားများနှင့် လက်လုပ်လက်စားမိသားစုများ၏ နေ့စဉ်ဘဝစိန်ခေါ်မှုများမှာ ၂၀၂၁-အာဏာသိမ်းမှုနောက်ပိုင်း ပိုမိုဆိုးဝါးလာခြင်းဖြစ်သော်လည်း ယေဘုယျအားဖြင့်မှာ ပြဿနာအသစ်များ မဟုတ်ကြပါ။ အသွင်ကူးပြောင်းမှုကာလနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွင်း -

- ◆ မြို့ပြဆင်းရဲသားများ၊ လက်လုပ်လက်စားမိသားစုများ၊ စက်ရုံအလုပ်သမားများနှင့် နိုင်ငံ့ဝန်ထမ်းများ ၎င်းတို့၏ဘဝ သာယာဝပြောစေမည့်၊ ဘဝနေထိုင်မှုအရည်အသွေးများကောင်းလာစေမည့်၊ (ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးအပါအဝင်) ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမီစေမည့် မူဝါဒများချမှတ်ခြင်း၊ အကောင်အထည် ဖော်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်။
- ◆ ဘဝနေထိုင်မှုအရည်အသွေးများ နိမ့်ကျလာခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် အိုးအိမ်နှင့် ပိုင်ဆိုင်မှုများ သိမ်းဆည်း/ဖျက်စီးခံရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများအတွက် ပြန်လည်ကုစားမှုများနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတရေးဆောင်ရွက်မှုများကို မဖြစ်မနေ ဆောင်ရွက်ရမည်။
- ◆ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်လျက်ရှိနေကြသည့် ဝန်ထမ်းများ၊ ကျောင်းသား/သူများ၏ နစ်နာမှုများအတွက် ပြန်လည်ကုစားပေးမှုများ၊ ၎င်းတို့၏ အနာဂတ်လမ်းများအတွက် ပြန်လည်တည်ဆောက်ပေးရာတွင် ထောက်ကူပံ့ပိုးပေးမှုများကို မဖြစ်မနေ ပြုလုပ်ရမည်။

# နောက်ဆက်တွဲများ။

## နောက်ဆက်တွဲ(၁)။ စစ်တမ်းမေးခွန်းလွှာ။

**အပိုင်း(က) ပါဝင်ဖြေဆိုသူ၏ အချက်အလက်များ** **ဖြေဆိုသူအမှတ်( )**

| | | | |
|---|---|---|---|
| ၁။ အမည်၊ | | ၂။ အသက်၊ | |
| ၃။ မြို့နယ်၊ | | ၄။ အိမ်ထောင်ရှိ/မရှိ၊ | |
| ၅။ အလုပ်အကိုင်၊ | | ၆။ ကလေးရှိ/မရှိ၊ | |
| (ကလေးရှိပါက)<br>၇။ ကလေးအသက်များ၊ | | (ကျောင်းနေအရွယ်ဖြစ်ပါက)<br>၈။ ကျောင်းအတန်းများ၊ | |
| ၉။ အတူနေလူဦးရေ၊ | | ၁၀။ အလုပ်လုပ်သူ ဦးရေ၊ | |
| ၁၁။ အုပ်စု၊ | (က) အမျိုးသမီးဦးဆောင်အိမ်ထောင်စု၊ (ခ) အာဏာဖီဆန်ရေးလှုပ်ရှားသူ၊<br>(ဂ) စက်ရုံအလုပ်သမား၊ (ဃ) အခြား _______________ | | |

### အပိုင်း(ခ) ဝင်ငွေ/ထွက်ငွေနှင့် အလုပ်အကိုင်

၁၂။ မိသားစုအတွက် ဝင်ငွေရလမ်းများ (က) ______________၊ (ခ) ______________၊ (ဂ) ______________
(ဃ) ______________၊ (င) ______________၊ (စ) _____________

၁၃။ ပျမ်းမျှ (တစ်လ) မိသားစုဝင်ငွေပမာဏ စုစုပေါင်း_________________________________________

၁၄။ အကြမ်းအားဖြင့် လစဉ်သုံးစွဲရငွေပမာဏများ။

| သုံးစွဲရသည့် အကြောင်းအရာ | ဝင်ငွေ၏ ရာနှုန်းမည်မျှကို သုံးစွဲနေရသနည်း | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ၁၀% | ၂၀% | ၃၀% | ၄၀% | ၅၀% | ၆၀% | ၇၀% | ၈၀% | ၉၀% | ၁၀၀% |
| (က) စားရေးသောက်ရေး | | | | | | | | | | |
| (ခ) နေထိုင်စရိတ် | | | | | | | | | | |
| (ဂ) ကျန်းမာရေး | | | | | | | | | | |
| (ဃ) လူမှုရေး/ သာရေးနာရေး | | | | | | | | | | |
| (င) ပညာရေး | | | | | | | | | | |
| (စ) အခြား_______________ | | | | | | | | | | |
| (ဆ) အခြား ______________ | | | | | | | | | | |

၁၅။ ဝင်ငွေ/ထွက်ငွေ လုံလောက်မှုအခြေအနေမှာ (က) စုမိဆောင်းမိရှိသည်၊ (ခ) ဝင်ငွေထွက်ငွေ ညီမျှသည်၊ (ဂ) လောက်ငုရုံသာဖြစ်သည်၊ (ဃ) အကြွေးတင်လျက်ရှိသည်၊

၁၆။ ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက မိသားစု၏ စားဝတ်နေရေးအခြေအနေ
(က) ပိုကြပ်တည်းသည်၊ (ခ) ပိုချောင်လည်သည်၊ (ဂ) ထူးခြားမှုမရှိပါ။

၁၇။ ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက အလုပ်အကိုင်အခွင့်အလမ်းများ
(က) ပိုနည်းလာသည်၊ (ခ) ပိုများလာသည်၊ (ဂ) ထူးခြားမှုမရှိပါ။

၁၈။ အရပ်တပါးတွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေသည့် မိသားစုဝင်ရှိပါသလား? (က) ရှိသည်၊ (ခ) မရှိပါ၊
*(ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူမရှိပါက မေးခွန်း-၂၂ သို့သွားပါ)*

၁၉။ နေရပ်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရမှုသည် (က) ပြည်တွင်း၌ဖြစ်သည်၊ (ခ) နိုင်ငံရပ်ခြားတွင်ဖြစ်သည်။

၂၀။ ရွှေ့ပြောင်းလုပ်ကိုင်နေသည်မှာ မည်မျှ ကြာပြီနည်း? ________ (နှစ် / လ)

၂၁။ နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ရသူဖြစ်ပါက (က) တရားဝင်ပုံစံဖြစ်သည်၊ (ခ) တရားဝင်ပုံစံမဟုတ်ပါ။

## အပိုင်း(ဂ) နေ့စဉ်ဘဝမှ စိန်ခေါ်မှုများ/အကြပ်အတည်းများ

၂၂။ ကျောင်းနေအရွယ်ကလေး(များ) ရှိပါက – ကလေး(များ)၏ ပညာရေးကို မည်သို့ စီစဉ်ဆောင်ရွက်ပေးနေသနည်း?
*(တစ်ခုထက်ပို၍ ရွေးချယ်နိုင်သည်)*

(က) စာကို မိသားစုဝင်က သင်ပေးသည်၊ (ခ) ပုဂ္ဂလိကကျောင်းထားသည်၊ (ဂ) အခြေခံပညာကျောင်းတက်စေသည်၊
(ဃ) အွန်လိုင်းအစီအစဉ်ဖြင့် သင်သည်၊ (င) အခြား အသိ/အတတ်ပညာတစ်ခုခု သင်စေပါသည်၊
(စ) မည်သို့မျှ မစီစဉ်ပါ၊ (ဆ) အခြား (ဖော်ပြရန်) ___________________________________

၂၃။ (မေးခွန်း-၂၂ ၏ အဖြေပေါ်မူတည်၍) ကလေးများ၏ ပညာရေးနှင့်ပတ်သက်သည့် ယေဘုယျမျှော်လင့်ချက်ကို ဖော်ပြရန်။

| |
|---|
| |

၂၄။ မိသားစုအတွင်း ကျန်းမာရေးအတွက် အထူးဂရုစိုက်ရသူတစ်ဦးဦး (က) ရှိနေသည်၊ (ခ) မရှိပါ။

၂၅။ မိသားစုဝင်များ နာမကျန်းဖြစ်သည့်အခါ ပုံမှန်အားဖြင့် မည်သို့ ဆောင်ရွက်လေ့ရှိသနည်း?
(က) အိမ်တွင်းဆေးနည်းများဖြင့် ကုသသည်၊ (ခ) ဆေးဆိုင်တွင် မေးမြန်းဝယ်ယူကုသသည်၊
(ဂ) အရပ်တွင်းမှ ကုသနိုင်သူတစ်ဦးဦးထံ ပြသသည်၊ (ဃ) ဆေးခန်း/ဆေးရုံတွင် ကုသသည်၊ (င) အခြား ________

၂၆။ လက်ရှိအခြေအနေတွင် မိမိ၏ မိသားစုရင်ဆိုင်ရသည့် ပြဿနာများကို ဆိုးရွားမှုအလိုက် အဆင့်သတ်မှတ်ပါ။
*၁ = ပြဿနာမရှိပါ၊ ၂ = အနည်းငယ် အခက်အခဲရှိသည်၊ ၃ = များစွာ ခက်ခဲသည်၊ ၄ = အဆိုးရွားဆုံး အခြေအနေဖြစ်သည်*

| | ၁ | ၂ | ၃ | ၄ | ထူးခြားမှုရှိက ဖော်ပြရန် |
|---|---|---|---|---|---|
| စားရေးသောက်ရေး | | | | | |
| နေထိုင်ရေး | | | | | |
| ကျန်းမာရေး | | | | | |
| ပညာရေး | | | | | |
| လုံခြုံရေး | | | | | |
| စိတ်ပိုင်းဆိုင်ရာ | | | | | |
| ကြွေးမြီ | | | | | |
| သွားလာရေး (သယ်/ပို့) | | | | | |
| ရေ/မီး ရရှိမှု | | | | | |
| အကြမ်းဖက်ခံရမှု (အိမ်တွင်း) | | | | | |
| အကြမ်းဖက်ခံရမှု (အိမ်ပြင်) | | | | | |
| အခြား_______________ | | | | | |
| အခြား_______________ | | | | | |

၂၇။ စိတ်ပိုင်းဆိုင်ရာကိစ္စများ (မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်မှု၊ မရေရာမှု) ရှိနေပါက မည်သို့ ဖြေဖျောက်ကြပါသနည်း?

| |
|---|
| |

၂၈။ လာမည့်ကာလများအတွက် မျှော်လင့်ချက် (သို့) ထင်မြင်ချက်များကို ဖော်ပြပါ။

| |
|---|
| |

---

**နောက်ဆက်တွဲ(၂)။ ဖြစ်ရပ်လေ့လာခြင်းအတွက် အသုံးပြုသည့် မေးခွန်းများ။**

## ၂၀၂၁-ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြို့ပြဆင်ခြေဖုံးများမှ မိသားစုဝင်ငွေရှာအမျိုးသမီးများနှင့် အခြေခံမိသားစုများ၏ လူမှုစီးပွားအကျိုးဆက်များဆန်းစစ်ခြင်း

**(အသေးစိတ်မေးခွန်းများ)**

၁။ **ပါဝင်ဖြေဆိုသူ၏ အချက်အလက်များ**
ဖြေဆိုသူ၏အမည်၊ အသက်၊ အလုပ်အကိုင်၊ အိမ်ထောင်ရှိ/မရှိ၊ ကလေးရှိ/မရှိ

၂။ **လက်ရှိ မိသားစု စားဝတ်နေရေးအခြေအနေက ဘယ်လိုရှိလဲ?**
အရင်နှစ်တွေနဲ့နှိုင်းစာရင် ဘာတွေ ဘယ်လို ပြောင်းလဲသွားလဲ - အလုပ်အကိုင်၊ ဝင်ငွေ၊ စီးပွားရေး၊ လူမှုရေး၊ ပြောင်းလဲတာရှိရင် ဘာလို့ပြောင်းလဲသွားတယ်လို့ထင်လဲ?
အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုပြီးကြပ်တည်းလာသလား? အလုပ်ထုတ်ခံရတာမျိုးရှိလား?
အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ရလာသလား?
ခေါင်းပုံဖြတ်ခံရတာမျိုး၊ အခွင့်အရေးချိုးဖောက်ခံရတာမျိုးကြုံရသလား?
မိသားစုထဲမှာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရသူများရှိလား?
ဝင်ငွေထွက်ငွေအခြေအနေက ဘယ်လိုရှိသလဲ? အခုအခြေအနေတွေမှာ ပိုဝင်တာ/ပိုသုံးမိတာမျိုး ရှိလား - ဘာကြောင့်လဲ?

၃။ **အိမ်တွင် ကျောင်းနေအရွယ်ကလေး (သို့) ပညာသင်ယူနေဆဲအရွယ် မိသားစုဝင်ရှိပါက**
ပညာရေးကိစ္စအတွက် ဘယ်လိုစီစဉ်ပေးနေသလဲ?
ပညာရေးနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားအမြင်ရှိပါသလဲ?

၄။ **လက်ရှိမှာ ဘယ်လို အခက်အခဲ/ အကြပ်အတည်းတွေ ကြုံနေရလဲ?**
(စားဝတ်နေရေး၊ ကြွေးမြီ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ဘေးကင်းလုံခြုံမှု၊ မရေရာမှု၊ လွတ်လပ်မှု၊ အကြမ်းဖက်မှု၊ မိသားစုအတွင်း ငြင်းခုံရန်ဖြစ်မှု၊ လုပ်ငန်းခွင်အတွင်း ဆိုးဆိုးဝါးဝါးတုံ့ပြန် ဆက်ဆံမှု)
(ရေ/မီး၊ သယ်ယူပို့ဆောင်/ သွားလာရေး) ပိုပြီးခက်ခဲလာတာရှိလား? ပုံမှန်အတိုင်းပဲလား?

၅။ **လာမယ့်ကာလအတွက် မျှော်လင့်ချက်/ ထင်မြင်ချက်**

------------------------------------------